မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၆၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက် မိုးစပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး၊ ရော်ဘာနှင့် ကြက်ဆူပင်များ လျာထားချက်နှင့်အညီ စိုက်ပျိုး ဒေသ၌ဖြစ်ထွန်းသည့် လက်ဖက်၊ ကော်ဖီနှင့် စင်ကိုနာ၊ ဟလာများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဇွန် ၂၆ ရက် နံနက်ပိုင်းက တောင်ငူမြို့သို့ ရောက်ရှိပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် သံတောင်မြို့သို့ သွားရောက်ကာ သံတောင်မြို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားပြီး သံတောင်မြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တောင်ငူမြို့မှ ထွက်ခွာကြရာ ညနေ ၃နာရီခွဲတွင် သံတောင်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ သံတောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတောင်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြို့ကြီး ရေလှောင်တမံ တည်ဆောက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ကို ပိတ်၍ ကျီးကန်းတောင်နှင့် ရွှေမြင်သာတောင်ဆက်မည့် မြို့ကြီးရေလှောင်တမံကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ရွှေမြင်သာတောင်ကုန်းပေါ်မှ ဤသို့ တွေ့ရသည်။

(ကျော်စိန်၏ သတင်းဆောင်းပါး စာ-၉)

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

ရေကြောင်းသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးစေသည့်ညီလာခံ

ပက်ကွန်အဖွဲ့သည် ရေကြောင်းသိပ္ပံပညာရှင်များ၊ ရေကြောင်းနှင့်ဆက်နွှယ်သည့် အင်ဂျင်နီယာများ၊ ရေကြောင်းဆိုင်ရာ မူဝါဒများချမှတ်ရေးဆွဲသူများ ပါဝင်ဖွဲ့စည်းထားသော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ရေကြောင်းသိပ္ပံနှင့်နည်းပညာဆိုင်ရာ ပစိဖိတ်ကွန်ဂရက် ပက်ကွန်-၂၀၀၆ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဇွန်လ ၁၂ရက်နေ့မှ ၁၅ရက်နေ့အထိ ကျင်းပခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် အဆိုပါညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ရုရှား၊ စင်ကာပူ၊ ထိုင်းနှင့်အမေရိကန်ပြည်ထောင်စုတို့မှ ပညာရှင် ၂၀၀ကျော် တက်ရောက်ခဲ့ကြသည်။ သမုဒ္ဒရာမြေပုံနှင့် ပင်လယ်ကြမ်းပြင် သွင်ပြင်လက္ခဏာများ၊ ရေကြောင်းဆိုင်ရာ ဇီဝနည်းပညာများ၊ အဝေးထိန်းကိရိယာဖြင့် တိုင်းတာခြင်းနှင့် ဂြိုဟ်တုအသုံးပြု သမုဒ္ဒရာဆိုင်ရာတိုင်းတာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ပင်လယ်ကမ်းရိုးတန်း ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဟူသော ခေါင်းစဉ်များဖြင့် စာတမ်းပေါင်း၁၃၀ကျော်ကို တင်သွင်းဖတ်ကြားခဲ့ကြသည်။ ယင်းစာတမ်းများအနက် ၅၀ရာခိုင်နှုန်းကျော်ကို ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးရေးဆောင်ရွက်မှုများတွင် ရေအောက်သယံဇာတများ ဖော်ထုတ်အသုံးချနိုင်ရန် လိုအပ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ရေနှင့်ဆက်စပ်သော သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာရန်လည်း လိုပေသည်။

ရေကြောင်းဆိုင်ရာသိပ္ပံနှင့် နည်းပညာအချက်အလက်များကို ပစိဖိတ်ဒေသအပါအဝင် ကမ္ဘာ့သမုဒ္ဒရာများနှင့် ပတ်သက်၍ စိတ်ဝင်စားသောနိုင်ငံများသို့ ဖြန့်ချိပေးရန်၊ ပင်လယ်သမုဒ္ဒရာများ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းမြှင့်တင်ပေးရန်၊ ခိုင်မာသောမူဝါဒများ ချမှတ်ရေးအတွက် လိုအပ်ချက်များကို အလေးပေးဆောင်ရွက်ရန်နှင့် ရေကြောင်းသိပ္ပံနှင့် နည်းပညာဆိုင်ရာများ တိုးတက်လာစေရန် ၁၉၈၂ခုနှစ်တွင် ပက်ကွန်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး နည်းပညာဆိုင်ရာ ညီလာခံများကို ၁၉၈၄ခုနှစ်မှ စတင်ကာ နှစ်နှစ်လျှင်တစ်ကြိမ်ကျ ကျင်းပခဲ့ရာ (၁၂)ကြိမ်မြောက် ညီလာခံအဖြစ် မြန်မာနိုင်ငံတွင် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ ဟာဝိုင်အီတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ပစိဖိတ်ဒေသဆိုင်ရာ ရေကြောင်းသိပ္ပံနှင့် နည်းပညာညီလာခံ (ပက်ကွန်-၂၀၀၆) သည် ရေကြောင်းပညာတက္ကသိုလ် စတင်တည်ထောင်ခဲ့သည်မှ လေးနှစ်တာကာလအတွင်း ပထမဆုံး အပြည်ပြည်ဆိုင်ရာညီလာခံကြီးဖြစ်ရာ ရေကြောင်းသိပ္ပံနှင့် နည်းပညာတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွယ်လွန်သူ ဦးလှမြင့်(ခ) ဦးကောင်းမြတ် (၄)နှစ်ပြည့် အားရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိ-သမိုင်း အောင်မင်္ဂလာလမ်း အမှတ်(၁၈)နေ ဒေါ်မြတ်မြတ်အေးနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံမှ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူးဦးကျော်စိန်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ သိရှိပြီး အပြည့်အဝအောင်မြင်အောင်ဆောင်ရွက် တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေကိုလေ့ကျင့်တာဝန်ပေး

ရန်ကုန် ဇွန် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဇွန် ၂၆ရက်က ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ရန်ကုန်တိုင်း ခရိုင်နှင့်မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အရာရှိများအားတွေ့ဆုံရာ ဝန်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများကို ဆောင်ရွက်နေရ၍ နိုင်ငံတော်၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များကို သိရှိထားပြီး အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း အောက်ခြေကို လေ့ကျင့်ပေးပြီး တာဝန်ပေးရန်ဖြစ်ကြောင်းနှင့် တာဝန်ပေးအပ်ပြီး ဆောင်ရွက်ပြီးစီးမှုကိုလည်း စစ်ဆေးကြပ်မတ်သွားရန် လိုကြောင်း။

ပြည့်မီအောင်စိုက်ပျိုး

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းကို သိရှိနားလည်ထားပြီး တရားဥပဒေနှင့်အညီ လုပ်ဆောင်သွားရန် ဖြစ်ကြောင်း၊ ဝန်ထမ်းများ ချွေတာစုဆောင်းရေး၊ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေး၊ စက်သုံးဆီ ချွေတာသုံးစွဲရေးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို သတ်မှတ်ထားသည့် ဧကများ ပြည့်မီအောင် စိုက်ပျိုးသွားရန်တို့ကို မှာကြားသည်။

ရှင်းလင်းမှာကြား

ယင်းနောက် ဝန်ကြီးသည် နိုင်ငံတော်၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဗောဓိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ဝါဆိုဝါကပ်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအမှူးပြုသော သံဃာတော် ၂၉၃ ပါးတို့အား မဟာဗောဓိ ပရိယတ္တိသာသနာပြုအသင်းက ဦးဆောင်၍ ဒါယကာဒါယိကာမများ စုပေါင်းကာ (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာတော်များအား ပူဇော်ပွဲကို ၁၃၆၈ ခု ဝါဆိုလပြည့်ကျော် ၇ရက် ဇူလိုင် ၁၆ရက်(တနင်္ဂနွေနေ့) နံနက်ဓနာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၉-၆-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၅၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၁၁)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၈

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံ စေတီတော် အရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ဇူလိုင် ၈ရက် (ဝါဆို လဆန်း ၁၄ရက်နေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝါဆို သင်္ကန်းဆက်ကပ်ပွဲသို့ ရန်ကုန်မြို့ရောက် ရမ်းဗြဲမြို့နယ် ဓာတိဖွား၊ ဘုန်းတော်ကြီးကျောင်း ပေါင်း ၆၇ ကျောင်းမှ ကျောင်းထိုင် ဆရာတော်များ ကြွရောက်ကြမည် ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက် ကြည်ညိုကြပါရန်နှင့် လှူဒါန်းလိုသော အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အသင်းဥက္ကဋ္ဌဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၅၄၅၃၉၅၊ ၀၉-၉၉ ၂၄၃၆၃၊ဦးဦးသာရွှေ ဖုန်း-၇၀၇၁၈၉၊၀၉ -၅၁ ၆၅၈၆၀၊ အတွင်းရေးမှူး ဦးအောင် ကျော်ဦး ဖုန်း-၀၉-၅၀ ၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း ၂၅၄၂၁၀နှင့်နီးစပ်ရာ အမှုဆောင်များ ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံးက နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၄ ရက်က ဝါဆိုရပ်ကွက် စာပေပျိုးခင်း စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမင်းနှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သင်းသင်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

လုပ်ငန်းပြီးစီးမှု

အစည်းအဝေးတွင် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖွဲ့များဖြစ်ကြသည့် အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့၊ တေးသီချင်း၊ ပညာပေးရုပ်မြင်သံကြားဇာတ်လမ်း၊ ဆွေးနွေးခန်းများ ထုတ်လွှင့်ရေးအဖွဲ့၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ ဆောင်ပုဒ်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပရေးအဖွဲ့၊ စာတမ်းဖတ်ပွဲအခမ်းအနားဖြစ်မြောက်ရေးနှင့် ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးအဖွဲ့၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြိုင်ပွဲကျင်းပရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်များစိုက်ထူရေးအဖွဲ့၊ မြန်မာအမျိုးသမီးများဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပရေးအဖွဲ့နှင့်ကျန်းမာရေးလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး အထောက်အကူပြုအဖွဲ့များဖြစ်ကြသည့် ဖိတ်ကြားရေးနှင့် အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ အခမ်းအနားကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားဧည့်ခံကျွေးမွေးရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ ဆုချီးမြှင့်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ ဓာတ်ပုံပြကွက်ခင်းကျင်းပြသရေးအဖွဲ့နှင့် မိန့်ခွန်းပြုစုရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၆-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၅ ၈။ အရေးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀ ၇။ **"မောင်မြန်မာလျှပ်စစ်စက်ဘီး"** ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၁၇:၃၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၅ ၉။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင် မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
၁၇:၄၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၄၅ ၁၄။ မွန်မြတ်နလုံးသား မြန်မာအမျိုးသမီးများ (အပိုင်း-၁)
၁၉:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **"အချစ်သည်လေပြည်"** (အပိုင်း-၁) ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ စမိုင်းလ်၊ နဝရတ် (ဒါရိုက်တာ-ကိုအောင်မင်းသိမ်း)

ရှေ့နေချုပ် ဦးအေးမောင် ပြည်နယ်၊တိုင်း၊ခရိုင် ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အကျင့်သိက္ခာနှင့် ပြည့်စုံသော ဝန်ထမ်းများဖြစ်ရန် ဝန်ထမ်းကျင့်ဝတ်နှင့်စည်းကမ်းများ လိုက်နာစောင့်ထိန်း

နေပြည်တော် ဇွန် ၂၈

ရှေ့နေချုပ်နှင့် ပြည်နယ်၊တိုင်း၊ခရိုင် ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(ပထမနေ့)ကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများနှင့် ဒုတိယညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားရာတွင် ဥပဒေအရာရှိများသည် အမှုလိုက်အတတ်ပညာကို ကျွမ်းကျင်ကြရန်လိုကြောင်း၊ ရုံးအမှုလိုက်ရာမှာ ဥပဒေဗဟုသုတ၊ တရားရုံးရှေ့အမှုလိုက် အတွေ့အကြုံများအပြင် မိမိကိုယ်တိုင် ဖန်တီးနိုင်မှုရှိဖို့လည်းလိုအပ်ကြောင်း၊ ဥပဒေမူကြမ်းများရေးဆွဲရာတွင် လုပ်ငန်းရပ်များ မကြန့်ကြာစေရန်အတွက် မိမိတို့ကိုယ်တိုင်ဆောင်ရွက်ရမည့်တာဝန်ကို အောက်တစ်ဆင့်ကိုလွှဲမပေးဘဲ မိမိတို့ကိုယ်တိုင်ဆောင်ရွက်ပြီး တစ်ဆင့်လွှဲပေးသင့်သည်များကိုသာ လွှဲပေးစေလိုကြောင်း၊ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင်တင်ပြသည့် အခက်အခဲများအပေါ် ညှိနှိုင်းဆွေးနွေး အဖြေရှာကြရန်နှင့် ယင်းအခက်အခဲများအပေါ် ဖြေကြားချက်များကိုလည်း မိမိတို့လက်အောက်ရုံးများကို အသိပေးသွားကြရန်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ဝန်ထမ်းများဖြစ်ရန်လိုအပ်၍ ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းတို့ကို တစ်သဝေမတိမ်း လိုက်နာစောင့်ထိန်းရန်လိုကြောင်း၊ ဥပဒေအရာရှိများသည် ဥပဒေကို ကျင့်သုံးနေသည့် အဖွဲ့အစည်းတွင် ပါဝင်သည့်အတွက် ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ပြည်သူက ယုံကြည်လာပြီး ပိုမိုအားကိုးလာမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တာဝန်ကို လိုလိုလားလားကျေပွန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ယင်းနောက် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများနှင့် တွဲဖက်ပြည်နယ်၊ တိုင်းဥပဒေအရာရှိများက အစီရင်ခံစာများ ဖတ်ကြားတင်သွင်းကြသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂဗျာနေကိုယ်စားလှယ်နှင့် ညှိနှိုင်းရေးမှူးတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး ခေတ္တဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၏ ခေတ္တဌာနေညှိနှိုင်းရေးမှူး မစ္စတာ အွန်ဒါယုဆာသည် ယမန်နေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၈

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းက ကြီးမှူး၍ ပထမအကြိမ်သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပသည်။ အဆိုပါ သွေးလှူဒါန်းပွဲသို့ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဆန်း၊ စီမံ၊ ဘဏ္ဍာဌာနမှူး ဦးခင်မောင်သန်း၊ ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်နှင့် ဆရာ၊ဆရာမများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး သွေးလှူဒါန်းပွဲကို စတင်ကျင်းပသည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် ကျောင်းသား ကျောင်းသူ ၆၇ ဦး ပါဝင်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

(၅၉)ကြိမ်မြောက်

ဗဟိုကောင်စီ အစည်းအဝေး

၂၀၀၆ ခုနှစ်၊ ဇွန်လ (၂၉)ရက်မှ (၃၀)ရက်အထိ

သူနာပြုတက္ကသိုလ်(အောက်မြန်မာပြည်)၊ ရန်ကုန်မြို့။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇွန် ၂၈

ယနေ့ မြန်မာစံတော်ချိန် ၀၀ နာရီ မိနစ်၄၀ ၀၀စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၉၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(နီကိုဘားကျွန်းစု၊ အိန္ဒိယဒေသ)နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၇အဆင့်ရှိ အင်အားအသင့်အတင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံကျင်ဟိုင်း–တိဘက်ရထားလမ်းအပိုင်း ငလျင်သတိပေးစနစ်များတပ်ဆင်သွားမည်

လာဆာ ဇွန် ၂၈

တရုတ်အစိုးရသည် ဇွန် ၂၄ ရက်က စတင်စမ်းသပ်ပြေးဆွဲခဲ့သည့် ကျင်ဟိုင်း–တိဘက်ရထားလမ်း၏ တောင်ဘက်ပိုင်းတစ်လျှောက်တွင် တပ်ဆင်မည့် ငလျင်သတိပေးစနစ်အတွက် ယွမ် ၁၃ သန်း (အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၁ သန်း) သုံးစွဲသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြည့်စုံစွာ ဆောင်ရွက်ထားသည့် ငလျင်စောင့်ကြည့်လေ့လာရေးစခန်းနှစ်ခုနှင့် တစ်ကမ္ဘာလုံး အနေအထားစနစ်ဆိုင်ရာ လေ့လာရေးဗဟိုဌာနတစ်ခုကို ဂိုလ်မဒ်လာဆာအပိုင်း တစ်လျှောက် တည်ဆောက်သွားမည်ဖြစ်ပြီး ငလျင်သတိပေးကွန်ရက်က နက်ကူမြို့နယ်ရှိ စောင့်ကြည့်လေ့လာရေးစခန်းနှင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ ငလျင်တိုင်းထွာရေးဗျူရိုအကြီးအကဲ ပင်ဖင်ရှန်က ပြောကြားသည်။

ပြောကြား

ကုန်းပြင်မြင့်ရထားလမ်းပေါ်၌ ငလျင်စောင့်ကြည့်လေ့လာမှုသည် အတိမ်းအစောင်းမခံကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိဘက်သည် မြေငလျင်လှုပ်ရှားသည့် ကာလအတွင်း ဝင်ခဲ့၍ ဖြစ်ကြောင်း ကျင်ဟိုင်း–တိဘက် ရထားလမ်း၏ ဂိုလ်မဒ်လာဆာအပိုင်းရှိဒေသတစ်လျှောက်တွင် ရစ်ချ်တာစကေး ၆ နှင့်အထက်ရှိ ငလျင်များ နှစ်စဉ်တုန်လှုပ်လေ့ရှိသောကြောင့် ဖြစ်ကြောင်းမစ္စတာပင်က ပြောကြားသည်။

ဝေးကွာ

မည်သို့ပင်ဖြစ်စေ အဆိုပါငလျင်တုန်လှုပ်မှုများမှာ သိသာရုံလောက်သာ ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရထားလမ်းကြောမှာ ငလျင်ဗဟိုချက်နှင့် ဝေးကွာလျက်ရှိသောကြောင့် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ခစ်ဘက်ဆိုင်ရာဆက်သွယ်ရေးဂြိုဟ်တု တောင်ကိုရီးယားလွှတ်တင်မည်

ဆိုးလ် ဇွန် ၂၈

တောင်ကိုရီးယားနိုင်ငံသည် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုကို ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန်စီစဉ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၆ရက်တွင် ပြောကြားသည်။ ယင်းဆက်သွယ်ရေးဂြိုဟ်တုကို ဩဂုတ်လအတွင်းတွင် လွှတ်တင်မည် ဖြစ်ပြီး ယခုအခါ ဂြိုဟ်တုတည်ဆောက်ရေးကို ပြင်သစ်နှင့်အီတလီ ကျွမ်းကျင်ပညာရှင်များအဖွဲ့ အယ်လ်ကာတယ်မှ တည်ဆောက်လျက်ရှိသည်ဟု ကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အပေါ်ပုံ)** **အမ်အင်အေ၊ဆင်ဟွာ**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကမ္ဘောဒီးယား၌ကျင်းပ

ဖနောင်ပင် ဇွန် ၂၈

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း၌ ဇွန် ၂၆ ရက်က နိုင်ငံတကာဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားများသို့ ဝန်ကြီးချုပ်ဟွန်ဆင်၊ ဒုတိယဝန်ကြီးချုပ် ဆာခရမ်တို့သည် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားပြုသည့်ပုဂ္ဂိုလ်များ၊ သံတမန်များနှင့်အတူ ပါဝင်တက် ရောက်ခဲ့သည်။

အလားတူ အခမ်းအနားများကို အစိုးရကျောင်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့်အစိုးရဌာနများ၌လည်း ကျင်းပခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ ဗုံးခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၈

ဘဂ္ဂဒက်မြို့ အရှေ့မြောက် ၆၅ ကီလိုမီတာအကွာ ဘာကူဘာမြို့တွင် ဇွန် ၂၄ ရက်က လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် အမှတ်(၄) ခြေလျင်တပ်မမှဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ကတည်းက အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၂၅၂၅ ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း သတင်းများ နိုင်ငံတကာ

အိန္ဒိယ၌ မိုးသည်းထန်ပြီးရေလွှမ်း

နယူးဒေလီ ဇွန် ၂၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ဝန်းကျင်တွင် ရတ်တရက် မိုးသည်းထန်ခဲ့သဖြင့် ဇွန် ၂၆ ရက်က ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။ (အပေါ်ပုံ)

ရေလွှမ်းမိုးမှုကြောင့် နယူးဒေလီရှိ လမ်းများအချို့တွင် မော်တော်ယာဉ်များ သွားလာမှု အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီး လမ်းများပိတ်ဆို့မှုဖြစ်ခဲ့ရသည်။

ထို့အပြင် မိုးသည်းထန်ပြီး မိုးကြိုးပစ်ခံရ၍ လူ ၁၁ ဦးသေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၂၁၅ဦးအထိရှိ

ပြီးခဲ့သောလက အိန္ဒိယတွင် မုတ်သုံရာသီ စတင်ဝင်ရောက်ချိန်ကတည်းက သေဆုံးသူအရေအတွက်သည် ၂၁၅ဦးအထိရှိသွားပြီ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ထိုင်း၌မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီး

ဗန်ကောက် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံအလယ်ပိုင်း အယုဒ္ဓယပြည်နယ်တွင် ဇွန် ၂၆ ရက် နံနက်က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခဲ့သည်။**(အောက်ပုံ)**

ယင်းမီးရှို့ခြင်း အခမ်းအနားတွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး ၃ ဒသမ ၅ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈၅ သန်းခန့်ကို ဖျက်ဆီးပစ်ခဲ့သည်။

ဖမ်းဆီးမိသော မူးယစ်ဆေးဝါးများတွင် စိတ်ကြွဆေးပြား ၃၂ သန်း အလေးချိန်အားဖြင့် ကီလို ၂၈၀၀ အပါအဝင် ဘိန်းဖြူ၊ ဘိန်း၊ အက်တက်စီ စိတ်ကြွဆေးပြား၊ ကိုကင်း၊ ဆေးခြောက်စသည်တို့ကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ယင်းအခမ်းအနားသို့ ထိုင်းနိုင်ငံနှင့် နိုင်ငံတကာအေဂျင်စီမှ အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သက်ကြီးရွယ်အို ဗြိတိသျှလူမျိုး ၅၀၀၀ အထူးကြပ်မတ်ကုသမှုမရှိသဖြင့် နှစ်စဉ်သေဆုံးနေရ

လန်ဒန် ဇွန် ၂၈

ဗြိတိန်နိုင်ငံရှိအမျိုးသားကျန်းမာရေးဆိုင်ရာဌာနသည် ခွဲစိတ်ပြီးနောက် အထူးကြပ်မတ်ကုသမှုမရှိသဖြင့် အသက်အရွယ်ကြီးသူ ဗြိတိသျှလူမျိုး ၅၀၀၀ခန့် နှစ်စဉ်သေဆုံးနေရကြောင်း ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက ဖော်ပြသည်။

လူနာ အများစုအနက် ၈၅ ရာခိုင်နှုန်းသည် ၎င်းတို့၏အသက်ကို ကယ်ဆယ်နိုင်လောက်သည့် ကြပ်မတ်ကုသမှု ခံရခြင်းမျိုး မရှိကြောင်း သို့မဟုတ် အရေးကြီးသည့် အခက်အခဲများကို ကာကွယ် ကုသမှုမခံရကြောင်း သတင်းစာက ဖော်ပြသည်။

ကုသမှုပျက်ကွက်သဖြင့် အသက်အန္တရာယ်ကို ခြိမ်းခြောက် လျက်ရှိသည့် အသေးစိတ်ကုသရမည့် ဝေဒနာရှင် ၂၅၀၀၀သည်လည်း သေဆုံးလျက်ရှိကြောင်း လေ့လာချက်အရ သိရှိရသည်။

အထူးတလည် အထွေထွေခွဲစိတ်ကုသခံရမည့်လူနာများစွာ၏ ရပ်တည်မှုသည် ခွဲစိတ်ခံရမှုမှာ ၁၃ ရာခိုင်နှုန်းသာရှိသော်လည်း သေဆုံးသူမှာ ၈၀ ရာခိုင်နှုန်းရှိကြောင်း လေ့လာချက်တွင် အတည်ပြု ဖော်ပြထားသည်။

အသက်ကြီးသူများ၊ဆေးဝါးကုသရန်အခြေအနေရှိသူများနှင့် အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်သူများစွာ သေဆုံးရခြင်းမှာ ကုသမှုအားနည်းခြင်းကြောင့် ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလကတည်းက သေရေးရှင်ရေးအရေးကြီးနေသည့် လူနာ ၁၅ ရာခိုင်နှုန်းသာလျှင် ခွဲစိတ်ပြီးနောက် ကြပ်မတ်ကုသမှု ခံရသော်လည်း ၆၅ ရာခိုင်နှုန်းကမူ ဖြစ်သလိုသာကုသခံရမှု တိုးပွားများပြားလာလျက်ရှိကြောင်း ခရစ်တီကယ်လ်ကဲယားဂျာနယ်က ထောက်ပြလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒုတိယကမ္ဘာစစ်ကာပုံး ပြင်သစ်၌တွေ့ရှိ

လီလီ ဇွန် ၂၈

ပြင်သစ်နိုင်ငံ မြောက်ပိုင်းတွင် အဆောက်အအုံ တည်ဆောက်ရေးအလုပ်သမားများက မြေကိုတူးရာမှ မြေအောက်မှနေ၍ ဒုတိယကမ္ဘာစစ်အတွင်းမှ အသုံးပြုခဲ့သော မပေါက်ကွဲသေးသည့် ဗုံးတစ်လုံးကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုသို့မပေါက်ကွဲသေးသည့်ဗုံးကို တွေ့ရှိပြီးနောက် ၎င်းနေရာအနီး တစ်ဝိုက်တွင် နေထိုင်ကြသည့်ပြည်သူ ၁၆၀၀ ခန့်မှာ ဘေးကင်းရာသို့ ရဲတပ်ဖွဲ့က ရွှေ့ပြောင်းပေးခဲ့ရသည်။

ဗုံးကျွမ်းကျင်သူများက ဗုံးတွင် တပ်ဆင်ထားသောစနက်တံကို အောင်မြင်စွာဖြုတ်နိုင်ခဲ့သည်။ ၎င်းဗုံးသည် ဒုတိယ ကမ္ဘာစစ်အတွင်းက အမေရိကန်တပ်ဖွဲ့ဝင်များ အသုံးပြုခဲ့သည့် ဗုံးဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

နယူးယောက်မြို့၌ လူသတ်မှုထူပြော

နယူးယောက် ဇွန် ၂၈

နယူးယောက်မြို့၌ ယခုနှစ်တွင် လူသတ်မှုများ ရာခိုင်နှုန်းမြင့်တက်လာကြောင်း နယူးယောက်ရဲတပ်ဖွဲ့၏ စာရင်းဇယားများတွင် ဖော်ပြသည်။

သို့ရာတွင် မြို့ကိုကျော်၍ဖြစ်သော အဓိကမှုခင်းကြီးများမှာ ငါးရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ယင်းမြို့၌ယခုနှစ်တွင် အသတ်ခံရသူ ၂၃၉ဦး ရှိခဲ့ကြောင်း၊ ယမန်နှစ်အလားတူအချိန်က အသတ်ခံရသူ ၂၁၉ဦး ရှိခဲ့ကြောင်း စာရင်းဇယားတွင် ဖော်ပြသည်။

လူသတ်မှုများ ထူပြောလာခြင်းသည် ၁၉၉၀ပြည့်လွန်နှစ်များမှ စပြီး တဖြည်းဖြည်း များပြားလာကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှန်ဟိုင်းနှင့်ဆီနီဂေါ စီးပွားရေးနှီးနှောဖလှယ်ပွဲကျင်းပ

ရှန်ဟိုင်း ဇွန် ၂၈

တရုတ်ကုမ္ပဏီများ ဆီနီဂေါနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ရှန်ဟိုင်းမြို့တွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်အတွင်း ဆီနီဂေါသမ္မတ ဝိက်က ဇွန် ၂၅ ရက်၌ ပြောကြားလိုက်သည်။

ယခုနှစ်တွင် ဆီနီဂေါ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်ကို ရှန်ဟိုင်းနှင့် အနောက်အာဖရိကအကြား ကျင်းပရန် ၎င်းက အကြံပြု ပြောကြားသည်။

ရှင်းပြ

ရှန်ဟိုင်းမြို့တော်ဝန် ဟန်ကျန်းသည် ဆီနီဂေါသမ္မတနှင့် တွေ့ဆုံပြီး ရှန်ဟိုင်း၏စီးပွားရေးနှင့် လူမှုရေး အခြေအနေများကို ရှင်းပြခဲ့သည်။

ဝိက်က ရှန်ဟိုင်း၏ဖွံ့ဖြိုးတိုးတက်မှုများကို ဂုဏ်ပြုကြောင်းနှင့် စွမ်းအင်ဆိုင်ရာ အရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင်နှစ်ဖက်စလုံးမှ အင်ပြည့်အားပြည့် ပူးပေါင်း ဆောင်ရွက်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ပြောကြားသည်။

မြင့်တက်

၂၀၀၆ခုနှစ် ပထမငါးလတွင် ရှန်ဟိုင်းနှင့် ဆီနီဂေါကုန်သွယ်မှုတန်ဖိုးပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၃သန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၅ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ပွာ

ဗြိတိသျှထုတ်ကုန် ချောကလက်များ စင်ကာပူနိုင်ငံ၌ ပြန်လည်သိမ်းဆည်း

စင်ကာပူ ဇွန် ၂၈

စင်ကာပူနိုင်ငံ စိုက်ပျိုးရေး အစားအစာနှင့် တိရစ္ဆာန်ဆေးကု အာဏာပိုင်အဖွဲ့(အေဗွီအေ)သည် ဗြိတိန်နိုင်ငံ ကက်ဘာရီကုမ္ပဏီမှ ထုတ်လုပ်သည့် ချောကလက်ခုနစ်မျိုးကို ပြန်လည်သိမ်းဆည်းခဲ့ကြောင်း နယူးအေးရှားက ဇွန် ၂၃ရက်တွင် ဖော်ပြသည်။

ပြန်လည်သိမ်းဆည်း

ယင်းသို့ သိမ်းဆည်းခြင်းမှာ ဗြိတိသျှရှိ ချောကလက်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ကက်ဘာရီစက်ရုံမှ ထုတ်လုပ်သော အဆိုပါချောကလက်များတွင် အစာအဆိပ်သင့်စေသည့် ရောဂါပိုးတစ်စွန်းတစ်စ တွေ့ရှိခဲ့သဖြင့် ဗြိတိန်နှင့် အိုင်ယာလန်တွင် ပြန်လည်သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ထုတ်လုပ်

စင်ကာပူနိုင်ငံ၌ ရောင်းချခဲ့သော ကက်ဘာရီ ချောကလက်အများစုကို ဩစတြေးလျ သို့မဟုတ် နယူးဇီလန်နိုင်ငံများတွင် ထုတ်လုပ်ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ပွာ

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် မူးယစ်ဆေးဝါး ကီလိုဂရမ်၅၀၀ မီးရှို့ဖျက်ဆီးနေသည်ကို ဇွန် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီး

ပေကျင်း ဇွန် ၂၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို တာဝန်ရှိသူများက ဇွန် ၂၆ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး ကီလိုဂရမ် ၅၀၀ကို ကူမင်းမြို့ရှိ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးရုံး အဆောက်အအုံရှေ့တွင် မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။

တရုတ်နိုင်ငံတွင် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သဖြင့် ဝင်ငွေများတိုးပွားလာပြီးနောက်ပိုင်း ၁၉၈၀ပြည့်နှစ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခေတ်စားလာခဲ့သည်။ မူးယစ်ဆေးဝါး သုံးစွဲသူ ၇၀၀၀၀၀ခန့်ကို ထိန်းသိမ်းထားလိုက်သည်။ ပြီးခဲ့သောနှစ်က မူးယစ်ဆေးသုံးစွဲသူ ၂၈၈၀၀၀ကို မူးယစ်ဆေးစွဲသူများ ကုသရေး ဆေးရုံများတွင် ဆေးကုသပေးခဲ့ကြောင်း တရုတ် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာနမှ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ပွာ**

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့

ဘဂ္ဂဒက် ဇွန် ၂၈

ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားရာ နေရာတွင် ဇွန် ၂၅ရက်က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူသုံးဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦးဒဏ်ရာ ရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့လယ်ရှိ အစုံရောင်းချသည့် အီရတ်နိုင်ငံ၏ အဓိကလူစည်ကားရာ တာကီယာဈေးကြီးတွင်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

ဖောက်ခွဲ

ယင်းနေ့မှာပင် ဘဂ္ဂဒက်၏ အရှေ့ဘက် လုံခြုံမှုစစ်ဆေးရေးစခန်းအနီးတွင် ကားဗုံးဖြင့်ဖောက်ခွဲ တိုက်ခိုက်မှုခံရသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူပင် အဆိုပါနေ့မွန်းလွဲပိုင်းက ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးနှစ်လုံးသီးခြားစီ ပေါက်ကွဲခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ပေါက်ကွဲ

တစ်ခုမှာ ဘဂ္ဂဒက်အလယ်ပိုင်း ကင်ဒီဆေးရုံအနီးတွင် မောင်းလာသည့်ဘတ်စ်ကားအတွင်း ဗုံးပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အခြားတစ်ခုမှာ ဘတ်အယ်လ်ဆာရီယီဒေသရှိ ဆာဟီလ်စားသောက်ဆိုင်အနီး ကားဗုံးပေါက်ကွဲသဖြင့် လူလေးဦးဒဏ်ရာရရှိသွားကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ပွာ

အိန္ဒိယနိုင်ငံ၌ ဘိန်းဖြူများဖမ်းဆီးရမိ

နယူးဒေလီ ဇွန် ၂၈

အိန္ဒိယမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရိုသည် ဘိန်းရောင်းဝယ်သူနှစ်ဦးထံမှ ဘိန်းဖြူ ၄ဒသမ ၅ကီလိုကို ဇွန် ၂၄ရက်က ဖမ်းမိခဲ့သည်ဟု အာရှ-အိန္ဒိယ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဘိန်းရောင်းဝယ်သူ နှစ်ဦးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ သန်းတန်ဖိုးရှိ ဘိန်းဖြူများကို ဥတ္တရပါရာဒေ့ရှ်ပြည်နယ်အနီး အာဂရာဒေသမှ သယ်ဆောင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတို့နှစ်ဦးမှာ ပါဒမ်ဗာဆင်းနှင့် ဆာယာရိဇ်ကန်တို့ နှစ်ဦးဖြစ်ကြပြီး အရှေ့ဒေလီမြို့ရှိ မိလီနီယံ ပန်းခြံအနီးတွင် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးအား စုံစမ်းစစ်ဆေးခြင်းဖြင့် နောက်ထပ် ပါဝင်ပတ်သက်သူများအား ဖမ်းမိနိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဓိက မြို့ကြီးများဖြစ်သည့် နယူးဒေလီနှင့် မွမ်ဘိုင်းမြို့ကြီးများတွင်လည်း မူးယစ်ဆေးဝါး ရောင်းဝယ်မှုကို ရဲတပ်ဖွဲ့က ထိရောက်စွာ နှိမ်နင်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ပွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လက်ရာမြောက်ပန်းပု

လက်ရာမြောက်သော ပန်းပုရုပ်တုကြီးကို တွေ့ရစဉ်။ (ယာပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် နာမည်ကျော် ပန်းပုပညာရှင်များ၏ ခေတ်ပေါ်ပန်းပုလက်ရာပြပွဲတွင် ပန်းပုပညာရှင် ၃၂ဦးတို့၏ လက်ရာများကို ပြသခဲ့သည်။ ပုံတွင် "အိပ်ရာထဲမှာ" ဟူသောအမည်ဖြင့် နာမည်ကျော် ပန်းပုပညာရှင် ရွမ်မြူ၏ ပန်းပုရုပ်ကို တွေ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ကလေးအရေးအတွက် အများဆုံးရေးဆွဲသည့် ပန်းချီကား

ကလေးငယ်များ စုပေါင်းရေးဆွဲထားသော ကမ္ဘာ့အကြီးဆုံး ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။ (ဝဲပုံ)

လန်ဒန်မြို့ ဟိုက်ဒ်ပန်းဥယျာဉ်အတွင်း ကလေးငယ်ပေါင်း ၂၀၀ ကျော်စုပေါင်းပြီး ကမ္ဘာ့အကြီးမားဆုံး လက်ရေးပန်းချီကားကြီးတစ်ချပ်ကို ရေးဆွဲခဲ့ရာ ယင်းပန်းချီကားကြီးမှာ ကမ္ဘာပေါ်တွင် ကလေးအရေးအတွက် အများဆုံးနှင့် အကြီးမားဆုံး လက်ရေးပန်းချီကားကြီးတစ်ခုအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်သည်။

(အင်တာနက်)

❒ *ကျောဖုံးမှ*

သက်တမ်း ၁၀၀ ကျော်

မြန်မာ့သမဝါယမ၏ အစသည် ၁၉၀၅ ခုနှစ်က ဖွဲ့စည်းခဲ့သော မြင်းမူမြို့ ငွေစုငွေချေးသမဝါယမ အသင်းဖြစ်သည်။ မြန်မာ့သမဝါယမ၏ သက်တမ်းသည် နှစ်ပေါင်း ၁၀၀ကျော်ခဲ့ပြီဖြစ်သည်။

မေးမြန်းခဲ့

လာမည့် ဇူလိုင် ၁ရက်(စနေနေ့)တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ လှုပ်ရှားမှုများနှင့် ပတ်သက်၍ အများပြည်သူတို့ သိရှိနိုင်စေရန် တာဝန်ရှိ ပုဂ္ဂိုလ်များအား မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့်တွေ့ဆုံရာတွင်"၁၉၉၄ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၄၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက နှစ်စဉ် ဇူလိုင်လ၏ ပထမ စနေနေ့တိုင်းကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၀၆ခုနှစ် ဇူလိုင်လ၏ ပထမ စနေနေ့ဖြစ်တဲ့ ဇူလိုင်လ ၁ရက် (စနေနေ့)မှာကျရောက်မယ့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ မြန်မာနိုင်ငံရှိ သမဝါယမများကို ကိုယ်စားပြုကျင်းပသွားမှာဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရာမှာ ထားရှိတဲ့ရည်မှန်းချက်တွေကတော့ သမဝါယမ၏ အနှစ်သာရ၊ ကျင့်ဝတ်နှင့် သမဝါယမ အခြေခံမူများကို ပြည်သူများပိုမိုထိတွေ့ရင်းနှီးမှုရှိလာစေရန်၊ မြန်မာ့သမဝါယမမျှော်မှန်းချက်နှင့် ရည်မှန်းချက်များအား ပြည်သူများကျယ်ပြန့်စွာ သိရှိနိုင်စေရန်၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် သမဝါယမ အခန်းပါဝင်မှုကို ပိုမိုသိမြင်ယုံကြည်လာစေရန်၊ သမဝါယမ၏ အနှစ်သာရ၊ ကျင့်ဝတ်နှင့်အခြေခံမူများ၊ မြန်မာ့သမဝါယမမျှော်မှန်းချက်နှင့် ရည်မှန်းချက်များအားလက်တွေ့ကျင့်သုံးဆောင်

သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကိုကိုက သမဝါယမ၏အခြေခံတွေးခေါ် ယူဆချက်နှင့် သဘောတရားများကို ရှင်းလင်း ပြောကြားစဉ်။
ဓာတ်ပုံမှတ်တမ်း– တင်စိုး
(မြန်မာ့အလင်း)

ရွက်ခြင်းဖြင့် နိုင်ငံတော်ကကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုစေရန် တို့ဖြစ်ပါတယ်" ဟူ၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်သိန်းက "အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကိုကျင်းပရာမှာ သမဝါယမနေ့ အထိမ်းအမှတ်ကြော်ငြာပိုစတာများကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေမှာ ထည့်သွင်းဖော်ပြထုတ်လွှင့်လျက် ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ပြည်သူ လူထုသိရှိနားလည်စိတ်ဝင်စားလာစေရန် အထူးထုတ်သမဝါယမသတင်းစဉ်(မြန်မာ/အင်္ဂလိပ်)နဲ့ လက်ကမ်း စာစောင်တွေကို ထုတ်ဝေဖြန့်ချိပေးပါတယ်။

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပသွားမည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားစဉ်။
ဓာတ်ပုံမှတ်တမ်း– တင်စိုး
(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကျင်းပရေးကော်မတီကို သမဝါယမဝန်ကြီးဌာနဝန်ကြီး ဦးဆောင်တဲ့ နာယကအဖွဲ့၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌအဖြစ်

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်း ပြောကြားစဉ်။
ဓာတ်ပုံမှတ်တမ်း– တင်စိုး
(မြန်မာ့အလင်း)

ဆောင်ရွက်တဲ့ ဗဟိုအဆင့်ဦးစီးကော်မတီနဲ့ ဗဟိုအဆင့် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ ဗဟိုအဆင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ဗဟိုအဆင့် ရန်ပုံငွေ စုစည်းရေးလုပ်ငန်းကော်မတီ၊ ဗဟိုအဆင့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ဗဟိုအဆင့် အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီနဲ့ ပြည်နယ်၊တိုင်းအဆင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရေးကော်မတီဟူ၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်"ဟူ၍ မြန်မာ့အလင်းသို့ ပြောပြသည်။

လှုပ်ရှားမှု

ထို့နောက် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက ပြောကြားရာတွင် "နိုင်ငံတစ်ဝန်းမှာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် သမဝါယမအသင်းများက စုပေါင်းဝင်ငွေခွန်ပေးဆောင်ခြင်း၊ စုပေါင်းသွေးလှူခြင်း၊ စုပေါင်းမြေစိုက်ပိုစတာစိုက်ထူခြင်း၊ ကျောင်းများ၌ စာစီစာကုံးပြိုင်ပွဲများကျင်းပခြင်း၊ အထူးဈေးရောင်းပွဲ၊ ရက်သတ္တပတ်ဈေးရောင်းပွဲများကျင်းပခြင်း စတဲ့ လှုပ်ရှားမှုတွေပြုလုပ်လျက်ရှိပါတယ်။ သမဝါယမရဲ့ အခြေခံ တွေးခေါ်ယူဆချက်ဟာ တန်းတူရည်တူဖြစ်ခြင်း၊ မျှတခြင်း၊ ဆန္ဒအလျောက် ပါဝင်နိုင်ခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်း၊ စီးပွားရေးနှင့် လူမှုရေးဘဝမြှင့်တင်ခြင်းတို့ဖြစ်ပါတယ်။ သမဝါယမသဘောတရားမှာ ဆန္ဒအလျောက် လွတ်လပ်စွာ အသင်းသားများအဖြစ် ပါဝင်ခွင့်ရှိခြင်း၊ အသင်းသား၏အလိုဆန္ဒနှင့်အညီစီမံခန့်ခွဲခြင်း၊သမဝါယမအသင်း၏ စီးပွားရေး လုပ်ငန်းများတွင် အသင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် လွတ်လပ်မှုရှိခြင်း၊ ပညာပေးရေး၊ လေ့ကျင့်သင်ကြားရေးနှင့်သတင်းပေးပို့ရေးများဆောင်ရွက်ခြင်း၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊လူ့အဖွဲ့အစည်းအကျိုးသယ်ပိုးဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

သမဝါယမအသင်းများဟာ မိမိတို့ရဲ့ အခြေခံတွေးခေါ်ယူဆချက်တွေကို ဆွဲကိုင်ရင်း မိမိတို့ အသင်းသူအသင်းသားများရဲ့ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်တွေကို ဆောင်ရွက်ဖြည့်ဆည်းရသလို တစ်ဖက်မှာလဲ နိုင်ငံတော်က ချမှတ်ပေးအပ်တဲ့ လုပ်ငန်း တာဝန်တွေကိုပါ ကျေပွန်အောင်ဆောင်ရွက်ကြရပါတယ်။အထူးသဖြင့် နိုင်ငံတော်က ချမှတ်ပေးတဲ့ စီးပွားရေး စီမံကိန်းတွေ အောင်မြင်အောင် အကောင်အထည်ဖော် လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။

သမဝါယမအသင်းများ အနေနဲ့ မိမိတို့၏ အခြေခံကျင့်ဝတ်တွေ၊ အခြေခံမူတွေကို လိုက်နာဆောင်ရွက်ရင်း နိုင်ငံတော်က ချမှတ်ပေးတဲ့ စီးပွားရေးစီမံကိန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အစဉ်အလာကောင်းသော မြန်မာ့သမဝါယမ၏ စွမ်းရည်တစ်ရပ်ဖြစ်ပါတယ်။

အဲဒီလို စွမ်းရည်ရှိတဲ့ သမဝါယမဟာစီးပွားရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးအတွက် ၁၉၉၃ခုနှစ်က အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံဟာသမဝါယမလုပ်ငန်းများ ဆောင်ရွက်ရာမှာ အပြည်ပြည် ဆိုင်ရာ သမဝါယမ အဖွဲ့ချုပ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"ဟူ၍ ရှင်းလင်းပြောကြားခဲ့သည်။

သမဝါယမသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အမျိုးသား အမျိုးသမီးမရွေး၊ လူတန်းစားမရွေး၊ အသားအရောင်မခွဲခြားဘဲ မည်သူမဆိုပါဝင်နိုင်သော အဖွဲ့အစည်းဖြစ်ပေသည်။

ရှင်သန်ဖွံ့ဖြိုးလာ

သမဝါယမ လုပ်ငန်းများသည် ၁၉၀၅ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ရောက်ရှိချိန်မှစ၍ ယနေ့တိုင် ခေတ်သမိုင်း၏ပြောင်းလဲမှု ဖြစ်စဉ်များနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေစွာ ရှင်သန်ဖွံ့ဖြိုးလျက် ရှိပါကြောင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

မေ့တတ်ခြင်းသည်အယ်လ်ဇိုင်းမား ရောဂါဖြစ်နိုင်သည့်လက္ခဏာဖြစ်

မကြာမီက ပြောသည့် စကားကို ချက်ချင်းဆိုသလို စဉ်းစားမရအောင် မေ့လျော့ခြင်းသည် အယ်လ်ဇိုင်းမားခေါ် အတိတ်မေ့ရောဂါ ဖြစ်နိုင်သည့် လက္ခဏာဖြစ်ကြောင်း သုတေသီများကပြောဆိုသည်။အသက်အရွယ်ရလာသည်နှင့် အမျှ စတင်မေ့တတ်လာသည်ကို တွေ့တတ်ကြပါသည်။

သိမ်မွေ့သည့် အချို့သောမေ့တတ်ခြင်းမှ အပ သတိကောင်းသည့် သက်ကြီးရွယ်အို ၁၃၄ဦးတို့၏ ဦးနှောက်ကို အမေရိကန် သိပ္ပံပညာရှင်များက ဆန်းစစ်လေ့လာကြည့်ကြသည်။ ထိုအခါ သက်ကြီးရွယ်အို သုံးပုံတစ်ပုံတို့၏ ဦးနှောက်တွင် အသားဓာတ်နှင့် အယ်လ်ဇိုင်းမားရောဂါ လက္ခဏာတို့နှင့် ရောထွေးနေသည့် အခြေအနေကို နေရာအနှံ့တွေ့ရသည်ဆို၏။

အသေးအဖွဲထင်မှတ်

ထိုလေ့လာတွေ့ရှိချက်အကြောင်းကို "နျူရိုကိုဂျီ"မဂ္ဂဇင်းတွင် ဖော်ပြထားသည်။ မေ့တတ်ခြင်းမှာ စိုးရိမ်စရာမလို အသေးအဖွဲကိစ္စဖြစ်သည်ဟု လူအများအပြားကထင်မှတ်ထားကြသည်။

လူ့ဦးနှောက်ကို လေ့လာသည့် သုတေသီများကမူ ထိုသို့ သဘောမထားသင့်၊ မှတ်ဉာဏ်ချွတ်ယွင်းနေသော အဆင့်များမှာ အယ်လ်ဇိုင်းမားရောဂါဝေဒနာရှင်များတွင် တွေ့ရသည့် အခြေအနေနှင့် အတူတူပင်ဖြစ်ကြောင်း တွေ့ရှိသုံးသပ်ထားသည်။

(ကိုးကား–အင်တာနက်)



ဓာတ်မှန်ရိုက်များခြင်းသည် ရင်သားကင်ဆာဖြစ်နိုင်ဟုဆို

ဓာတ်မှန်ရိုက်မှုများသော အမျိုးသမီးများအနေဖြင့် ရင်သားကင်ဆာဖြစ်ပွားမှု ပိုမိုများပြားစေကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဖြစ်ပွားနိုင်မှု

ဓာတ်ရောင်ခြည်များကြောင့် ခန္ဓာကိုယ်အကျိုးပြုဆဲလ်များ ပျက်စီးစေနိုင်ပြီး အခြားအကျိုးဆက်များလည်း ဖြစ်ပေါ်စေနိုင်သည်ဟုလည်း ၎င်းတို့က ပြောကြားသည်။ အမျိုးသမီး ၁၆၀၀ကို စနစ်တကျသုတေသနပြုခဲ့ရာ ဓာတ်မှန်ရောင်ခြည်ထိတွေ့မှုနည်းသော အမျိုးသမီးများထက် ဓာတ်မှန်ရောင်ခြည်ထိတွေ့မှုများသော အမျိုးသမီးများက ရင်သားကင်ဆာဖြစ်ပွားနိုင်မှု ပိုမိုများပြားကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

အကျိုးဆက်

ဓာတ်မှန်ရောင်ခြည်ဖြင့် ထိတွေ့မှုများသော အမျိုးသမီးများမှာ အခြားသောကျန်းမာရေးဆိုင်ရာအကျိုးဆက်များကို ဖြစ်ပေါ်စေပြီး သာမန်အကြိမ်နည်းသော ဓာတ်မှန်ရိုက်ခံရသူအမျိုးသမီးများမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်းလည်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေးဗစ်ဂိုလ်ဂါက ပြောကြားသည်။

ယခုထက်ပိုမိုပြည့်စုံသော အကြောင်းအချက်များကို ရှာဖွေရမည်ဖြစ်ကြောင်း၊ ခိုင်လုံသောအကြောင်းပြချက်များသာ လူတို့အား အကျိုးပြုစေကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ စမ်းချောင်းမြို့နယ် စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၆၁)၌ စက်သုံးဆီရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့အောင်ထိန်းသိမ်း မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်

နေပြည်တော် ဇွန် ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန်၂၃ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ သွားရောက်ပြီး သင်တန်းသားသင်တန်းသူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အသုံးပြုနိုင်ရန်ငွေကျပ် ၁၀၇၀၀၀၀တန်ဖိုးရှိ Universal Machineတစ်စုံနှင့်အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းက လက်ခံသည်။

ယင်းနောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ အားကစားကွင်းနှင့် အားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊အားကစားရုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ ပြိုင်ပွဲများ ကျင်းပပေးရေး၊ အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၂၄ရက်တွင် လားရှိုးမြို့သို့ ထွက်ခွာပြီး လမ်းခရီး တစ်လျှောက်ရှိ နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့ အားကစားကွင်း၊ အားကစားခန်းမများကို ဝင်ရောက် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဝန်ကြီးသည် ဇွန် ၂၅ရက်တွင် သိန်းနီမြို့နှင့် ကွတ်ခိုင်မြို့ရှိ အားကစားကွင်း၊ အားကစားရုံများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မူဆယ်မြို့သို့ ရောက်ရှိပြီး နိုင်ငံတကာအဆင့်မီ ပြည်ထောင်စု အားကစားကွင်း ထိန်းသိမ်းထားရှိမှုများ၊ ဘောလုံးလေ့ကျင့်ရေး ကွင်းသစ်ဖောက်လုပ်နေမှုများ၊ မိုးလုံလေလုံ အားကစားခန်းမနှင့် တင်းနစ် အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် နမ့်ခမ်းမြို့သို့ထွက်ခွာပြီး မြို့နယ် အားကစားကွင်း၊ မြို့နယ်အားကစားခန်းမ၊ ကိုယ်ကာယလေ့ကျင့်ရေးခန်း၊ တင်းနစ်ကွင်းနှင့်ဘတ်စကက်ဘောကွင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး နမ့်ခမ်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ နမ့်ခမ်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ အားကစား ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူနှင့် ဆက်ဆံရေးကောင်းမွန်ရန် အထူးဂရုစိုက် စက်သုံးဆီ အခြင်အတွယ် မှန်ကန်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၅ ရက် က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းထောင့်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၆၁)၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ ဆိုင်အမှတ်(၀၂၁၉)၊ ဗဟန်းမြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ ဆိုင်အမှတ်(၀၂၂၁)တို့သို့သွားရောက်ပြီး စက်သုံးဆီအခြင်အတွယ်နှင့် စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု အခြေအနေတို့ကို လည်းကောင်း၊စက်သုံးဆီ သိုလှောင်ထားရှိမှု၊ လုံခြုံရေးတာဝန်ချထားမှုနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလှည့်ကျစနစ်ဖြင့် တာဝန်ချထားရေး၊ အများပြည်သူတို့နှင့် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်စေရေး၊ စက်သုံးဆီ အခြင်အတွယ်မှန်ကန်စေရေး၊ စက်သုံးဆီ အခြင်အတွယ်နှင့်ပတ်သက်၍ အများပြည်သူတို့ နစ်နာဆုံးရှုံးမှု မရှိစေရေး အထူးဂရုစိုက် ဆောင်ရွက်သွားရန် မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဝန်ကြီးသည်စက်သုံးဆီ လာရောက်ထုတ်ယူနေကြသော မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ စည်းဝေး

ရန်ကုန် ဇွန် ၂၈

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ တေရသမအကြိမ် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းဓမ္မာရုံခန်းမ၌ကျင်းပရာ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဓေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိနှင့် အဖွဲ့ဝင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်များနှင့် အတွင်းရေးမှူး ဆရာတော်များ ကြွရောက်တော်မူကြပြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း သာသနာရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်းမြင်းခြံမြို့ ဓေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ထို့နောက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်ကိုယ်စား ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ဒွါဒသမအကြိမ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူပြီး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို လျှောက်ထားသည်။

ဆွေးနွေး

ဆက်လက်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်းများမှ ဆရာတော်များက ဆွေးနွေးတော်မူကြပြီး ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပညာ) ဦးထိန်ဝင်းက ပညာရေးဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးလျှောက်ထားသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်အတည်ပြုကြသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဓေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကြွရောက်တော်မူ လာကြသော ဆရာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဇွန် ၂၈

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ သရောင်းရွာ မဟာစည်သာသနာ့ရိပ်သာ စခန်းပွဲ၌ ဇူလိုင်၁၅ရက်မှ အောက်တိုဘာ ၆ရက်အထိ ဝါတွင်းသုံးလ မဟာစည် ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် ရိပ်သာ ဖုန်း–၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ (၁၈၁)သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဂုဏ်ပြုလွှာပေးအပ်

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အဝေရာလမ်း **အမှတ် ၅၃၀ နေ ဦးခင်မောင်လွင်၊ ဇနီး ဒေါ်ခင်ငြိမ်း မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်ကွက်သစ် မာလာရာမ ဘုန်းတော်ကြီး ကျောင်းဝင်းရှိ စိန်ရတနာ နာရေး ကူညီမှုအသင်းသို့ လာရောက်လှူဒါန်းရာ အသင်း အတွင်းရေးမှူး ဦးကျော်သန့်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးခင်မောင်ကြီးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

ဇွန် ၂၄ ရက်က လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီး၍ မိုးရာသီ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ခြင်ဆေး ဖျန်းခြင်းလုပ်ငန်းကို အမှတ် (၁၀)ရပ်ကွက် အတွင်းရှိ အခြေခံ ပညာမူလတန်းကျောင်း၌ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေစန်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ (က–ပ)

ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်မည်

ရန်ကုန် ဇွန် ၂၈

ဖောဓိမြိုင် ဓမ္မရသစာစုအဖွဲ့က ဖိတ်ခေါ်ထားသော ‘နေက္ခမ္မပါရမီဟူသည်မှာ’ဆောင်းပါးပြိုင်ပွဲ ဆုရရှိသော ပုဂ္ဂိုလ်များအား ဆုဆက်ကပ်ချီးမြှင့်ပွဲအခမ်းအနားကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်၏ သက်တော်(၆၅)နှစ်ပြည့် မွေးနေ့ဖြစ်သည့် ၁၃၆၈ ခု ဝါဆိုလပြည့်ကျော် ၁ ရက် (ဇူလိုင် ၁၀ ရက်) တနင်္လာနေ့ နံနက် ၈ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ပြည်သာယာလမ်း အထက(၂) ကျောင်းအနီးရှိ သာသနာ့ အလင်းရောင်မြတ်စွာဘုရား တန်ဆောင်းတော်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပြိုင်ပွဲဝင် အားလုံးထံ ဖိတ်စာများပေးပို့ထားပြီးဖြစ်ရာ မရရှိပါက ဆရာချစ်ဦးညို ဖုန်း–၂၉၉၇၇၃၊ ဦးသိန်းဦး ဖုန်း–၅၆၅၁၈၉၊ ဦးထွန်းအေး ဖုန်း–၅၇၇၇၈၀နှင့် ဦးမြင့်ဇော် ဖုန်း–၀၉–၈၀–၂၀၄၂၂တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ဆုရရှိသူများမှာ ပထမဆု မော်ကျွန်းအရှင်ပဏ္ဍိတ၊ ဒုတိယဆု ကဥ္စန(စွန်းလွန်း)၊ တတိယဆု ကိုရင်တန်နှင့်မောင်ချမ်းသာ(ထားဝယ်)တို့ ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတောင်မြို့ မြို့နယ် ပြည်သူ့ဆေးရုံ ငွေပဒေသာပင်အတွက် အလှူငွေများကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သွေးဆေးကန် မွန်ပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်၏ ဦးစီးပဓာနနာယက ဆရာတော် မဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝါရဒအား အမှူးထား၍ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူပွဲ အခမ်းအနားကို ယင်းကျောင်းတိုက်၌ (၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့) ဇူလိုင်၉ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းနှင့် ဆွမ်းကွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဝါရဒထံတွင် လည်းကောင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဝင်ထံ၌ လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကန်တော်လေး အမှတ်၂၈လမ်းနေ ဒေါ်ကြင်မွေး (မွေးသရက်သီးသနပ်) မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ မစကားဝါ(ခ)ဆုယူလင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● ရှေ့ဖုံးမှ

ရှေးဦးစွာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပြန်လည်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် သံတောင်ဒေသ၌ စိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာ ရှိနေသေးရာ စိုက်ဧကတိုးတက်ရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နိုင်ငံတော်မှ သတ်မှတ်ထားသော မိုးစပါးအပါအဝင် အဓိကသီးနှံ၁၀မျိုး၊ နှစ်ရှည်ရော်ဘာနှင့် ခြစ်ညီးရိုးကြက်ဆူတို့ကို သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးကြစေလိုကြောင်း၊ အလားတူ ဒေသ၌ဖြစ်ထွန်းသည့် လက်ဖက်၊ ကော်ဖီနှင့် ငရုတ်ကောင်း၊ စင်ကိုနာဖာယာတို့ကိုလည်း တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ဒေသ၌ လာရောက် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ တာဝန်ယူ ဆောင်ရွက်နေသော လုပ်ငန်းများကို ဆတက်ထမ်းပိုးတိုးပြီး အောက်ခြေအထိဆင်း၍ လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးလျက်ရှိ

သံတောင်မြို့နယ်တွင် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး ၁၄၀၄၆ဧက၊ နွေစပါး ၁၂၅ဧက၊ မိုးမြေပဲ ၁၂၅၇ဧက၊ ဆောင်းမြေပဲ ၄၄၂ဧက၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နေကြာနှင့် ပဲစင်းငုံ ၃၀၈ဧကတို့စိုက်ပျိုးနိုင်ခဲ့ပြီး ကော်ဖီ ၇၃၂၇ဧက၊ လက်ဖက် ၉၃၈ဧက၊ ဖာလာ၇၅၂၅ဧက၊ ငရုတ်ကောင်း ၅၂၄ဧက၊ စင်ကိုနာဧက ၂၃၀၊ တညင်း ၇၆၆၁ဧကနှင့် ဒူးရင်း ၁၄၆ဧကတို့ စိုက်ပျိုးလျက်ရှိသည်။

ပြုစုပျိုးထောင်

နှစ်ရှည်သီးနှံဖြစ်သည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာအား ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၂၈၁၇ဧက စိုက်ပျိုးထားရှိပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက၄၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၁၅၁၀၀၀ ကို ပြုစုပျိုးထောင်ထားလျက်ရှိသည်။ အလားတူ ခြစ်ညီးရိုးကြက်ဆူဧက ငါးသောင်းကိုလည်း သုံးနှစ်စီမံကိန်း ချမှတ်စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ခြစ်ညီးရိုးကြက်ဆူ ဧကတစ်သောင်းကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သံတောင်မြို့မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား နှုတ်ဆက်အားပေးစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတောင်မြို့မှပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်း၌ တည်ဆောက်လျက်ရှိသည့် ပင်မတမံ မြေဖို့လုပ်ငန်းကို ရှုရပ်အမြင့်ပိုင်းမှ ကြည့်ရှုပြီး ရေပိုလွှဲ တည်ဆောက်မည့် နေရာ၌ ဘူမိဗေဒ မြေသားစမ်း သပ်နေမှုကို လည်းကောင်း၊ ပင်မတမံ တည်ဆောက်နေစဉ် မုန်းချောင်းရေကို လွှဲပေးသည့် ရေလွှဲမြောင်းနှင့် လုပ်ငန်းသယ်ပို့ယာဉ်များ အသုံးပြုသည့် ရေလွှဲမြောင်းဖြတ် တံတားကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေစက်တော်ဘုရားအထက်ခြေတော်ရာ မြေထိမ်းနံရံ ပြုပြင်မှုကို ကြည့်ရှုသည်။

ပန်းတိုင်အထွက်နှုန်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ကန်ပြားကျေးရွာ၌ ရေဆင်း(၈)နှမ်းဖြူ စိုက်ခင်းများကို ကြည့်ရှုပြီး နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံကာ မျိုးသန့်အသုံးပြု၍ ပန်းတိုင် အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး၊ ရိတ်သိမ်းခြွေလှေ့ ရာတွင် လေလွင့်မှုနည်းပါးအောင် နှမ်းထောင်နေလှန်းစနစ်ကျင့်သုံးရေး မှာကြားပြီး ဆင်းပဒေသာ(၆) မြေပဲမျိုးသန့် စိုက်ခင်းများကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင် ဆည်ရေသောက်ဒေသ ဂုံပင်ကျေးရွာ၌ ဆင်းသွယ်လတ်စပါး စိုက်ခင်းများကို ကြည့်ရှုပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တောင်တွင်းကြီးမြို့နယ် မြန်မာ့ကြံလုပ်ငန်း အမှတ်(၁) ကင်ပွန်းတောင်အထွက်တိုးစခန်းနယ်မြေ၌ တစ်ဧကလျှင် တန် ၅၀ ထွက်ရှိရန် စိုက်ပျိုးထားသော တောင်သူပိုင် စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ကြံစိုက်ဧကအားလုံး ပန်းတိုင်အထွက်နှုန်း ကျော်လွန် ရရှိအောင် နည်းပညာပေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။ **(သတင်းစဉ်)**

စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု စာအုပ်များ လှူဒါန်း

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ညီလာခံ ကိုယ်စားလှယ်၊ စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွဋ် (စာရေးဆရာ တင်ထွဋ်-အစိုးရ တိုင်းရင်းဆေး)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ၂၀၀၃ခုနှစ် သုတဘဏ် စာတမ်းဖတ်ပွဲသို့ ကိုယ်တိုင်တင်သွင်းပြုစုခဲ့သည့် "အဓိကရောဂါခြောက်မျိုးအတွက် ဆေးဝါးများနှင့် တိုင်းရင်းဆေးခန်းသုံးဆေးများတွင် အသုံးပြုသော အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးပင်များ" စာတမ်းစာအုပ် အုပ်ရေ ၃၀၀ ကို ယနေ့ လာရောက်ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်

ဇူလိုင်လ (၁)ရက်မှ (၂)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့

ထန်းတပင်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၈

အင်းစိန်မြို့နယ် စဉ့်ငှုရပ်ကွက် ထန်းတပင်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော်များဖြစ်ကြသော ဆရာတော် ဘဒ္ဒန္တသီလာစာရနှင့် ဆရာတော် ဘဒ္ဒန္တဥက္ကံသတို့ကိုအမှူးထား၍ ထန်းတပင်ကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော် စာသင်သား သံဃာတော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၈ခု ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ

နေပြည်တော် ဇွန် ၂၈

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် ညနေပိုင်းက မိတ္ထီလာမြို့ မြေပြင်အတတ်သင်လေတပ်စခန်း ဘောလုံးကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စားမြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်နှင့် လေကြောင်း အတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းမှ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မစကြာတရားပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် သိမ်ကုန်းဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နှစ်ဖက်လု ကမ္မဋ္ဌာန်းရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ(သိရီပဝရဓမ္မာစရိယ)က (၁၃၆၈ခု ဝါဆိုလပြည့်နေ့ တနင်္ဂနွေနေ့)တွင် ဓမ္မစကြာတရားဟောကြားပြီး စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 အစီအစဉ်

၂၉-၆-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ ('Taxi'VCD Shooting)
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ(တီထွင်မှု မူပိုင်ခွင့်၊ Patent)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	သင်ယူလေ့လာဂီတပညာ (လှရွှေစန္ဒရားသင်တန်းကျောင်း)
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ အပိုင်း(၁)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	သဘာဝကပေးသော လက်ဆောင်များ
၉း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ (သန္တာအေး၊ Aသူမြင့်)
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	Music Gallery
၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅	လှပဆန်းသစ် ကြွေရည်သုတ်ပစ္စည်းအသစ်
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းတင်အောင်နီ)
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ခေတ်မီစတိုင်ကျ၊ ရယ်ဒီမိတ်အထည်လှလှ
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ဧက လေးသိန်းရေပေးနိုင်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် မြို့ကြီးရေလှောင်တမံ ရွာငံမြို့နယ်၌ တည်ဆောက်လျက်ရှိ

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခြောက်သွေ့ဒေသများ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်မြောင်းတာတမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် တည်ဆောက်ပြီး တမံများမှ ရေကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ မူလ စိုက်ပျိုးဧရိယာများအား အပြည့်အဝ စိုက်ပျိုးသွားနိုင်ရေးနှင့် ဆည်ရေများ ပိုမိုသိုလှောင်နိုင်ရေးတို့ကို အခါမလပ် လမ်းညွှန်မှုများပေးလျက်ရှိသည်။

အကောင်အထည်ဖော်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို ခံယူလျက် အလားအလာရှိသော ဆည်မြောင်းလုပ်ငန်းများကို စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံထုတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်း တည်ဆောက်ပြီးဖြစ်သော ဇော်ဂျီရေလှောင်တမံမှ လွှတ်ချပေးသော ရေနှင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီး ရေလှောင်တမံကြားရှိ ရေဆင်းရေများကို ထိရောက်စွာ အသုံးချလျက် မိတ္ထီလာ လွင်ပြင်အတွင်းရှိ ဆည်ရေသောက် ဧရိယာဧက သုံးသောင်းခန့်ကို စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးနှင့် ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာ လွင်ပြင်တစ်ခုလုံးအား ပိုမိုစိမ်းလန်းစိုပြည်လာရေးတို့အတွက် မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတွင်ပါဝင်သည့် ရေလွှဲဥမင်အထွက် တည်ဆောက်မှုမြင်ကွင်း။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်ပေါ်မှ ဇော်ဂျီမြစ် စီးဆင်းမှုအလှကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန် ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရွာအနီးတွင် တည်ရှိသည်။ မြန်မာ့အလင်း သတင်းအဖွဲ့သည် ရန်ကုန်မြို့မှ မန္တလေးသို့ သွားသည့် အမြန်ယာဉ်ဖြင့် လိုက်ပါသွားကြရာ ကျောက်ဆည်မြို့ မရောက်မီ ရန်ကုန်-မန္တလေးလမ်း ဟံမြင့်မိုရ်လမ်းခွဲမှတစ်ဆင့် မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ကြရသည်။

ဇော်ဂျီမြစ်

ဟံမြင့်မိုရ် မြို့ကြီးလမ်းတစ်လျှောက် ဝဲယာတွင် မြေလွတ်ဟူ၍ မရှိသလောက် အောင်မြင်စွာ ဖူးပွင့်နေသည့် တစ်ပင်တိုင်နှမ်းပင်များ၊ စပါးပင်များ၊ ငှက်ပျောပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ ကျောက်ဆည်မြို့နယ် နိမိတ်ကင်းရွာကို ကျော်ပြီး ရှမ်းပြည်နယ် ရွာငံမြို့နယ်သို့ ဝင်သွားသည်နှင့် တသွင်သွင်စီးနေသော ဇော်ဂျီမြစ်ကို မြင်ရသည်။

တည်ဆောက်မည်

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ရှမ်းရိုးမတောင်တန်းများမှ ရွှေမြင်သာတောင်နှင့် ကျီးကန်းတောင် နှစ်ခုကို ဇုန်အမျိုးအစား မြေသားတမံဖြင့် ဇော်ဂျီမြစ်ကို အလျား ၂၄၆၁ ပေ (၇၅၈ မီတာ)နှင့် အမြင့် ၂၅၈ ဒသမ ၅ ပေ (၇၈ ဒသမ ၈ မီတာ) ရှိသော တမံကိုတည်ဆောက်၍ ရေလှောင်တမံတည်ဆောက်မည်ဖြစ်သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ရှမ်းတောင်တန်းကြီးများကို ကျော်၍ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ လွန်ခဲ့သော မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။ ရှမ်းရိုးမတောင်တန်းများ ပတ်လည်ဝိုင်းထားသော မြို့ကြီး ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

မြန်မာ့အလင်း သတင်းအဖွဲ့ မရောက်ရှိမီ မိုးရွာထားပြီး စိမ်းလန်းစိုပြည်နေသော တောင်တန်းကြီးများအား ဖြူဆွတ်နေသော တောင်ခိုးများက ရွှေ့လျားဖုံးအုပ်နေသည်မှာ လှပသော ပန်းချီကားချပ်ကို မြင်ရသကဲ့သို့ ခံစားရသည်။ ရှင်းလင်းဆောင်ရှုရပ်မှာ တောင်ထိပ်တွင်တည်ဆောက်ထားသည့်အလျောက် အောက်ဘက်တွင် မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ လုပ်ငန်းဆောင်ရွက်နေကြသည်ကိုအပေါ်စီးမှမြင်တွေ့ရသည်မှာလည်း လှပသည့် ရှုမျှော်ခင်းတစ်ရပ်ပင် ဖြစ်သည်။

ရှင်းလင်းပြောကြား

မြန်မာ့အလင်း သတင်းအဖွဲ့အား ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ရှင်းလင်းဆောင်တွင်းသို့ ဖိတ်ခေါ်ကာ မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်တွင် မြေဖို့ခြင်းလုပ်ငန်းကို မေ ၂၅ ရက်က စက်ယန္တရားများဖြင့် ဆောင်ရွက်နေကြစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပတ်သက်သော မြေပုံကားချပ်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောပြသည်။ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းပြရာတွင် မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အတွက် အထူးပြုပြီး ဆောင်ရွက်နေသော စီမံကိန်းဖြစ်ကြောင်း။

စီမံကိန်းရည်ရွယ်ချက်မှာ တည်ဆောက်အကောင်အထည်ဖော်ပြီးသော ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့် မြို့ကြီး ရေလှောင်တမံအထက်ဘက် ရေဆင်းဧရိယာများမှ စီးဆင်းသော ရေများအား ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံကို တည်ဆောက်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ငါးသိန်းခန့် မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏ ဧကပေလေးသိန်းခန့်ကို ချထား လွှတ်ပေးရန်နှင့် ရေအားလျှပ်စစ်မဂ္ဂါဝပ်၃၀ (၁၅မဂ္ဂါဝပ်နှစ်လုံး)ဖြင့် လျှပ်စစ်ဓာတ်အားလွှတ်ပေးရန် ဖြစ်ကြောင်း။

မိတ္ထီလာလွင်ပြင်ဒေသတွင် မိုးရာသီမှာပင် စိုက်ပျိုးမြေများတွင် ရေလိုအပ်မှုရှိနေကြောင်း၊ မိတ္ထီလာဒေသတွင် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသောဆည်များတွင် မိုးနည်းသဖြင့် သီးနှံများအတွက် စိုက်ပျိုးရေလိုအပ်မှုရှိခဲ့ကြောင်း၊ မိတ္ထီလာလွင်ပြင်တွင်လည်း ရေဝင်မှုနည်းသောကြောင့် ရေလိုအပ်သလောက် အပြည့်သိုလှောင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် သီးနှံများတွင် စိုက်ပျိုးရေလိုအပ်ချက်ရှိသောကြောင့် မိတ္ထီလာလွင်ပြင်မှာလည်း ရေဝင်နည်းသဖြင့် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်ဖြင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပေးဝေရန်နည်းလမ်းရှာပြီး မြို့ကြီး ရေလှောင်တမံစီမံကိန်း ဆောင်ရွက်ရန် ဖြစ်ပေါ်လာကြောင်း။

ဇော်ဂျီရေလှောင်တမံ

မြို့ကြီး ရေလှောင်တမံစီမံကိန်း၏ အထက်မှာ ဇော်ဂျီရေလှောင်တမံရှိကြောင်း၊ ဇော်ဂျီရေလှောင်တမံမှ ရေလှောင်ပြီးတော့ ရေအားလျှပ်စစ်ထုတ်၍ ထွက်လာသောရေများကို ဇော်ဂျီမြစ်ပေါ်မှာပင် ဇော်ဂျီရေသောက်စနစ်ကို ရေလွှဲဆည်ဖြင့် ရေပေးထားတာရှိကြောင်း၊ ဇော်ဂျီမြစ်နှင့် မြို့ကြီး ရေလှောင်တမံမှ ထုတ်လိုက်သော ရေများပေါင်းပြီး ရေအားလျှပ်စစ်ထုတ်ပြီး ရေလှောင်ချလိုက်သောရေကို မြို့ကြီး ရေလှောင်တမံ၏ ငါးမိုင်အကွာ၌ ရေလွှဲဆည်တစ်ခု တည်ဆောက်ပြီး ရေလွှဲဆည်မှ တူးမြောင်းစနစ်ဖြင့် ကင်းတားတူးမြောင်းစနစ်အတွင်းသို့ ထည့်လိုက်မည်ဖြစ်ကြောင်း။

စိမ်းလန်းစိုပြည်ရေး

တူးမြောင်းစနစ်မှချပေးသော ရေကို ကင်းတား လက်ဝဲမြောင်းမကြီးမှနေ၍ မိုးနည်းသောဒေသဆီသို့ ချပေးပြီး လက်ဝဲမြောင်းမကြီးမှရေကို မြစ်ရေတင်ဌာနမှ တူးမြောင်းအဆင့်ဆင့်ဖြင့် မိတ္ထီလာလွင်ပြင်ကို ရေပေးမည်ဖြစ်ကြောင်း၊ ယခုပြောပြသည်မှာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မည့်အစီအစဉ်ဖြစ်ကြောင်း၊ ဇော်ဂျီတမံမှချပေးသောရေများကို မူလဇော်ဂျီရေသောက်စနစ်မှ ရေသောက်ဧကတစ်သိန်းလောက် ရေပေးနေရာ ဇော်ဂျီရေသောက်စနစ်ရေနှင့် မြို့ကြီးရေလှောင်တမံရေတို့ ပေါင်းပြီးပေးသော ရေတို့သည် ရေသောက်စနစ်အတွက် လိုသောရေသာရနိုင်ကြောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရန်အတွက် နောက်ထပ် ရေချပေးရန် လိုသေးသောကြောင့် လက်ရှိဆောက်နေသော မြို့ကြီးတမံနှင့် မလုံလောက်သဖြင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် နောက်ထပ် တမံတစ်ခုဆောက်ရန် စီစဉ်ကြကြောင်း။



ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်း ရည်ရွယ်ချက်နှင့် တည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ကျိုင်းခမ်းတမံ

ရပ်စောက်မြို့နယ် ကျိုင်းခမ်းရွာအနီးရှိ နမ့်အက်ချောင်းတွင် ရေလှောင်တမံတစ်ခုတည်ဆောက်ပြီး ကျိုင်းခမ်းတမံမှရေကို ရေသွယ်တူးမြောင်းဖြင့် ဇော်ဂျီတမံထဲသို့ ရေထည့်ပေးပြီး ကျိုင်းခမ်းတမံမှရေနှင့် ဇော်ဂျီတမံမှရေ နှစ်ခုပေါင်းမှ ချပေးသောရေကို အောက်သို့ချပေးပြီး၊ မြို့ကြီးတမံသို့ ဝင်မည်ဖြစ်ကြောင်း၊ ထိုအခါတွင် ရေလှောင်တမံ သုံးခုအနေအထားဖြစ်သွားပြီးနောက် ကင်းတား လက်ယာမြောင်းထဲသို့ ချပေးမည်ဖြစ်ကြောင်း။

ရေသောက်စနစ်

ကျိုင်းခမ်းတမံနှင့်ဇော်ဂျီတမံကြားထဲတွင်ရှိသည့် ဆက်သွယ်တူးမြောင်းတစ်လျှောက်ရှိဒေသများသို့ စိုက်ပျိုးရေပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းအရ ကျိုင်းခမ်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်ပြီး ဇော်ဂျီ ရေလှောင်တမံစနစ်ထဲသို့ ထည့်ပေးမည်၊ ဇော်ဂျီတမံကလည်း ရေအားလျှပ်စစ်ထုတ်ပြီး မြို့ကြီးတမံသို့ ရေချပေးမည်၊ မြို့ကြီးတမံကလည်း ရေအားလျှပ်စစ်ထုတ်ပြီး မြို့ကြီးရေလွှဲဆည်သို့ ချပေးမည်ဖြစ်ကြောင်း၊ မြို့ကြီးရေလွှဲဆည်မှ ချပေးသောရေသည် ကင်းတား ရေသောက်စနစ် ရေမြောင်းထဲသို့ အဆင့်ဆင့် ပို့ပေးမည်ဖြစ်ကြောင်း။

ထိုသို့ ချပေးသောရေများကို ဝမ်းတွင်း၌ရှိသော ရေအရင်းအမြစ်အသုံးချရေးဌာနက မြောင်းများမှ ရေများကို ရေလွှတ်စက်များဖြင့် မိတ္ထီလာလွင်ပြင်သို့ ပို့ပေးမည်ဖြစ်ကြောင်း၊ ဇော်ဂျီ၊ ကျိုင်းခမ်း၊ မြို့ကြီးရေလှောင်တမံ သုံးကန်သို့ဝင်မည့် ရေသည် ဧကပေ ၁၁ သိန်းကျော်ရှိမည် ဖြစ်ကြောင်းဖြင့် ပြောပြသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေလှောင်တမံ၏ အသက်သွေးကြောဟုခေါ်ရမည့် တမံတည်ဆောက်ခြင်းဖြစ်ပြီး တမံတည်ဆောက် ရေလှောင်ရန်အတွက် ဇော်ဂျီမြစ်ရေကို ရေလွှဲရန် ရေလွှဲဥမင်တည်ဆောက်ခြင်းလုပ်ငန်း စတင်လုပ်ဆောင်လျက်ရှိသည်။ ရေလွှဲဥမင်တည်ဆောက်ရာတွင် အချင်း ၁၈ ပေ (၅ ဒသမ ၅ မီတာ) မြင်းခွာသဏ္ဌာန် ရေလွှဲဥမင် အဝင်ပေါက်နှင့် အထွက်ပေါက်တို့ကို ဖောက်လျက်ရှိသည်။ ရေလွှဲဥမင်မှာ တောင်ကိုဖောက်၍ လွှဲခြင်းဖြစ်ပြီး အလျား ၁၅၇၅ ပေ (မီတာ ၄၈၀)ရှိမည်ဖြစ်သည်။ ယင်းအစီအစဉ်အရ ရေလွှဲဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းကို အဝင်ဘက်တွင် ၁၃ မီတာနှင့် အထွက်ဘက်တွင် လေးမီတာတို့ကို စတင်ဆောက်လုပ်လျက်ရှိသည်။

မြို့ကြီး ရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြေသားတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဆိုင်ရာ ဆက်စပ်လုပ်ငန်း၊ ရေလွှဲဆည်တည်ဆောက်မှုလုပ်ငန်းနှင့် ဆက်သွယ်တူးမြောင်းဖောက်လုပ်မှု လုပ်ငန်းများ ပါဝင်ဆောင်ရွက်မည် ဖြစ်သည်။

မိတ္ထီလာခရိုင်တွင် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ဆည်များမှ ဆည်ရေသောက်ဧရိယာ စုစုပေါင်း ၁၆၀၁၇ ဧကခန့်ရှိသော်လည်း နှစ်အလိုက် မိုးစပါး၊နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးမှုများမှာ မူလရည်မှန်းချက်မပြည့်မီဘဲ လွန်ခဲ့သော ငါးနှစ်အတွင်း ပျမ်းမျှဧက ၄၅၀၀၀ ခန့်သာ စိုက်ပျိုးနိုင်ခဲ့၍ ကျန်ဧက ၁၁၅၀၀၀ သို့ ရေပေးဝေနိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ မိတ္ထီလာလွင်ပြင် စိုက်ပျိုးရေ ပိုမိုရရှိရေးကို မြို့ကြီး ရေလှောင်တမံစီမံကိန်း၊ ကျိုင်းခမ်း ရေလှောင်တမံစီမံကိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၄၀ ရှိ၍ ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိသည်။ နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၃၇၃၄၂၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၃၅၉၅၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၉၇၇၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ဧက ၃၄၂၀ ရှိမည်ဖြစ်သည်။

မြို့ကြီး ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၀၀၀၀ ခန့်နှင့် ဇော်ဂျီရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးဧရိယာများအား ဆည်ရေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်သွားနိုင်ရုံမျှမက နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အား (၂ x ၁၅) မဂ္ဂါဝပ် ၃၀ ကိုလည်း ဖြည့်တင်းပေးနိုင်မည့်အပြင် ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်တစ်ခုလုံးကို ပိုမို စိမ်းလန်းစိုပြည်လာစေမည် ဖြစ်ကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အင်္ဂလိပ်က လွတ်လပ်ရေးပေးတာစောလို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံမဖြစ်တာတဲ့

၂၀၀၆ခုနှစ် ဇွန်လ၁၉ရက်နေ့က NLD ပါတီခေါင်းဆောင် အမျိုးသမီးရဲ့ (၆၁)နှစ်မြောက်မွေးနေ့မင်္ဂလာအခါတော်ရက်မြတ်အဖြစ် လက်ကျန် NLD ပါတီဝင်များနှင့် ဝေလေလေဒီမိုကရေစီလေဒီများက ကျင်းပဂုဏ်ပြုကြသတဲ့ခင်ဗျာ။ သို့ကလို မွေးနေ့မင်္ဂလာအခါတော်မြတ်ကို ကျင်းပကြတာဟာ လူတိုင်းလူတိုင်း ပုဂ္ဂိုလ်ကြီးငယ်ရွယ်လတ်၊ အသက်အရွယ်မရွေး ကိုးကွယ်ရာဘာသာအလိုက် ကိုယ့်ဓလေ့ ကိုယ့်စရိုက်အတိုင်း ကျင်းပကြတာ ကောင်းမွန်တဲ့ အစဉ်အလာတစ်ရပ် အနေနဲ့ အသိအမှတ်ပြုရမှာဖြစ်တော့ ပေါက်စတို့က ဘာကမျှ ဝင်ရောက်စွက်ဖက် ပြောဖို့၊ ဆိုဖို့ မလိုပါဘူးခင်ဗျား။

သို့သော်လဲပေါ့လေ အခုဟာက အဲသလိုမျိုး သွေးရိုးသားရိုး မွေးနေ့မင်္ဂလာပွဲကို စိတ်ထားဖြူဖြူစင်စင်၊ မွန်မွန်မြတ်မြတ်ထားပြီး ယဉ်ယဉ်ကျေးကျေး မင်္ဂလာရှိစွာ လုပ်ကြ ကိုင်ကြတာမျိုးမဟုတ်ဘူး ခင်ဗျ။ မြန်မာပြည်သူ ခုနစ်ရက်သားသမီးအားလုံး စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများ မဖြစ်ဖြစ်အောင် စပါယ်ရှယ်အထူးပြုလုပ်ချက် လုပ်သလိုမျိုးနဲ့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို အချိုကြီး ဇော်ကား ပြလိုက်တဲ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အစိုးရအပေါ် မတော်မတရား လုပ်ကြံပုတ်ခတ်စွပ်စွဲတဲ့ ဒီမိုကရေစီအတင်းအဖျင်းပြောပွဲနဲ့အတူ ဘယ်လိုမျှ နိုင်ငံရေးအရ တန်ဖိုးမရှိတဲ့ ဒီမိုကရေစီအတင်းအဖျင်း ဖြန့်ဝေစာကို ထုတ်ပြီး နိုင်ငံရေးအမြတ်ထုတ်တဲ့ လုပ်ပွဲကြီးလုပ်ခဲ့ကြသဗျ။

ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်၏ (၆၁)နှစ်မြောက် မွေးနေ့တွင် ထုတ်ပြန်သော ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့၏စာတမ်း ဆိုတဲ့ ဖြန့်ဝေစာပါအချက်အလက်တွေကို ပေါက်စ တစ်ပိုဒ်ချင်း ကောက်နုတ် ရှင်းလင်းသွားပါမယ်ခင်ဗျာ။ အဲသလို ရှင်းလိုက် လင်းလိုက်ရင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းက အဲဒီ ဖြန့်ဝေစာရဲ့ တန်ဖိုးကို အလိုလိုသိလာလိမ့်မယ်လို့ ပေါက်စ ယုံကြည်သဗျ။

အဲ-ပဏာမအဖွင့်စာပိုဒ်မှာ ဖွင့်ဆိုတာကတော့ "ဇွန်လ ၁၉ ရက် နေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့လို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က သတ်မှတ်တာကို မြန်မာပြည်သူတစ်ရပ်လုံးက လက်ခံခဲ့ တဲ့အကြောင်း၊ အဲသလိုလက်ခံခဲ့တာဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က မြန်မာပြည်သူတစ်ရပ်လုံးရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့် အရေးတွေ ပေါ်ပေါက်အောင် ဖော်ဆောင်ခဲ့တဲ့အတွက် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ မြန်မာပြည်သူလူထုရဲ့ ၈၀ရာခိုင်နှုန်းကျော် ဆန္ဒမဲပေး ခဲ့လို့ဖြစ်တဲ့အကြောင်း၊ အဲဒီလိုပြည်သူလူထုကို ကိုယ်စားပြုတဲ့ နိုင်ငံရေး အဖွဲ့အစည်းကြီးက သတ်မှတ်ခဲ့တဲ့ မြန်မာနိုင်ငံအမျိုးသမီးများ နေ့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ပဲဖြစ်ကြောင်းဆိုပြီး၊ မိုးချီးလေချီး အကြီးအကျယ် ညွှန်းထားသဗျ။

ပြောရရင်တော့ သိပ်မကောင်းလှဘူးခင်ဗျာ။ လက်ကျန် NLD များနဲ့ ဝေလေလေ ဒီမိုကရေစီ လေဒီများဟာ စကားကို ရှေ့နောက်မညီဘဲ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောတတ်တာမျိုးက သူတို့ရဲ့ ရိုးရာအစဉ်အလာတစ်ခုလားလို့ ပေါက်စမေးချင်သဗျ။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့ ၂၀၀၀ပြည့်နှစ် ဇွန်လ၁၉ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပါတီခေါင်းဆောင် အမျိုးသမီးရဲ့(၅၅)နှစ်မြောက် မွေးနေ့မင်္ဂလာ အခါတော်မြတ် လုပ်ပွဲလုပ်ခဲ့ကြတုန်းက မွေးနေ့ရှင် ပါတီခေါင်းဆောင် အမျိုးသမီးကိုယ်တိုင်က ဘယ်လိုတွေ နုတ်ထွက် စကားမိန့်ကြားခဲ့သလဲဆိုရင် **"ကျွန်မရဲ့မွေးနေ့ပွဲကို မြန်မာနိုင်ငံ အမျိုးသမီးများနေ့လို့ ဘယ်သူတွေကစလိုက်တယ်ဆိုတာ မသိပါဘူး။ ကျွန်မတို့အဖွဲ့ချုပ်က မဟုတ်ပါဘူး။ နိုင်ငံခြားမှာ ဒီမိုကရေစီအတွက် လှုပ်ရှားနေတဲ့သူတွေက စလိုက်တာဖြစ်ပါတယ်"**တဲ့ ခင်ဗျာ။

ကဲ-ဘယ်လိုလဲ ဝေလေလေဒီမိုကရေစီ လေဒီများရဲ့ မိုးချီးလေချီး စာတမ်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတ်မှတ်တာဖြစ်လို့ ပြည်သူတွေက လက်ခံကြတယ်ဆိုတဲ့ စာပိုဒ်ကြီးဟာ အမှိုက်ခြင်းထဲ ထည့်လိုက်ပါတော့ ခင်ဗျာ။ ပေါက်စ လုပ်ကြံပြောတာ မဟုတ်တဲ့ အကြောင်း အဲဒီ မွေးနေ့မင်္ဂလာအခါမြတ် လုပ်ပွဲမှတ်တမ်းကို ပြန်ကြည့်ရင် သိနိုင်သလို၊ ပါတီခေါင်းဆောင်အမျိုးသမီးကို အခွင့်အခါ ပေးရင် လက်တို့ပြီး မေးကြည့်ပေါ့ဗျာ။

အခုလို စာတမ်းအစမှာကိုက ချိကတည်းက ယဉ်သကိုးဆိုသလို ဖြစ်နေတော့ အဲစီစာတမ်းပါ အချက်အလက်တွေကို မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းက မျက်စိအညောင်းခံပြီး ဖတ်လိမ့်မယ် မထင်ဘူးဗျာ။ ဒါပေမယ့် ပြောစရာရှိနေတော့ ဆက်ပြောရဦးမှာပေါ့ ခင်ဗျာ။ NLD ပါတီခေါင်းဆောင်ရဲ့ မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့ သတ်မှတ်ပေးလိုက်တာက နိုင်ငံခြားရောက် ဒီမိုကရေစီလှုပ်ရှားသူများ ဖြစ်တယ်ဆိုတော့ တိုင်းပြေးပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်အုပ်စုရဲ့ ဂုဏ်ပြုချီးမြှောက်မှု၊ သူကောင်းပြုမှုဆိုတာ ထင်ရှားနေတဲ့အတွက် တော်တော်ကြီး ဂုဏ်ယူဖွယ်ကောင်းတဲ့ ကိစ္စဝိစ္စကြီးပေါ့ဗျာ။ အဲသဟာကို ပြည်သူလူထုကြီးတစ်ရပ်လုံးက လက်ခံအသိအမှတ်ပြုတယ် ဆိုတော့ ပေါက်စ ရယ်ရတယ်ဗျာ။

ထို့ပြင်တစ်ဝ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာပြည်သူ တွေရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဘယ်လိုတွေဆောင်ကြဉ်းခဲ့ သလဲ၊ ဆောင်ကြဉ်းနေသလဲဆိုရင် ရွေးကောက်ပွဲမှာလဲ အနိုင်ရရော ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိဘဲ၊ အာဏာလွှဲခိုင်းသဗျာ။ နိုင်ငံတော်ရဲ့ အနာဂတ်၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်မှာ အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းပြန်တော့ အာဏာကလွှဲလို့ ဘာကမျှ လက်မခံနိုင်ဘူးတဲ့ဗျာ။ မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူးဆိုပြီး နိုင်ငံနဲ့ အဝန်း ဆူပူမှုဖြစ်အောင် လှုံ့ဆော်ခဲ့သဗျာ။ နိုင်ငံခြားသံရုံးအခြေခံပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့ ကြိုးစားခဲ့တာတွေ၊ မန္တလေးမှာ လျှို့ဝှက်အစည်း အဝေးလုပ်ပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့ ကြိုးစားရာက မအောင်မြင်ဘဲ နယ်စပ်ကို ထွက်ပြေးခဲ့တာတွေ၊ အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌ စိန်ဝင်းနဲ့ NLD ရွေးချယ်ခံကိုယ်စားလှယ်တွေ အပါအဝင် ကိုးဦးသော ပုဂ္ဂိုလ်ကြီးများက KNU နဲ့ ပေါင်းပြီး စင်ပြိုင်အစိုးရ ဖွဲ့တာအပြင် ပြည်ပနယ်ချဲ့အုပ်စု ဆရာကြီးများရဲ့ ထီးကိုင်ဖိနပ်ကိုင်ဘဝနဲ့ မြန်မာ နိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ် စွပ်စွဲတိုက်ခိုက် ဆန့်ကျင် နေတာတွေ၊ တိုင်းပြေးပြည်ပြေး ဝရမ်းပြေးတွေနဲ့ပေါင်းပြီး မြန်မာနိုင်ငံ တွင်းမှာ မိုင်းခွဲလူသတ် အဖျက်အမှောင့်လုပ်နေတာတွေ အဲသဟာတွေ အားလုံးဟာ NLD နဲ့ အန္တယ်တော်များရဲ့ ကြိုးပမ်းလုပ်ဆောင်မှုဖြစ်တဲ့ မြန်မာပြည်သူတွေအတွက် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ခြေရာလက်ရာ ကြီးတွေပဲဖြစ်သဗျ။

ပေါက်စ

အလားတူပါပဲဗျာ၊ ပြည်တွင်းမှာရှိတဲ့ NLD ပါတီကလဲ နိုင်ငံတော်ရဲ့ အသက်ဝိညာဉ်တမျှအရေးကြီးလှတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲနိုင်ဖို့ ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို အားလုံး အိုကေ လက်ခံတယ်ဆိုပြီး တက်ရောက်ညှိနှိုင်းနေရင်းကပဲ ပါတီ ခေါင်းဆောင်အမျိုးသမီးရဲ့အမိန့်နဲ့ ဝီစီမှုတ်ခေါ်တော့ ညီလာခံထဲက ကုပ်ကုပ်ကလေး ထွက်သွားကြသဗျာ။

အဲသဟာနဲ့တစ်ဆက်တည်းမှာပဲ ပါတီခေါင်းဆောင်အမျိုးသမီးက တွေ့ဆုံဆွေးနွေးမလား?၊ အလုံးစုံပျက်သုဉ်းရေးကို ရွေးမလားဆိုပြီး နိုင်ငံတော်အစိုးရကို ဒီမိုကရေစီချဲလင့် လုပ်ခဲ့သဗျာ။ စနေ-တနင်္ဂနွေ ညနေတိုင်း လမ်းဘေးတရားပွဲကို တက္ကသိုလ်ရိပ်သာလမ်း ခြံဘေးမှာ ဒီမိုကရေစီအတင်းအဖျင်းစကားတွေ ပြောလိုပြော၊ သက်ကြီးရွယ်အို တပ်မှူးပြုတ်ကြီးနှစ်ဦးက လူရွှင်တော်လုပ်ပြီး ပါတီခေါင်းဆောင် အမျိုးသမီးက ဒီမိုကရေစီမင်းသမီးအဖြစ်နဲ့ ဒီမိုကရေစီခုနစ်ထွေ အငြိမ့်လဲ ကခဲ့ကြသဗျ။

သို့ကလိုသော နည်းလမ်းပေါင်းစုံနဲ့ နိုင်ငံတော်အစိုးရဆန့်ကျင် ရေး၊ အမျိုးသားညီလာခံပျက်စီးရေးကို နေ့စဉ်ရက်ဆက် မပျက်မကွက် လုပ်နေသလို တစ်ဖက်ကလဲ အနောက်အုပ်စု နိုင်ငံခြားသံရုံးတွေက လာသမျှ သံတမန်များ၊ နိုင်ငံရေးသမားများ၊ ဆီနိတ်တာ အမတ်ဆိုသူ ပုဂ္ဂိုလ်ကြီးများနဲ့ ယနေ့ကာလတိုင် နေ့စဉ်လက်ခံတွေ့ဆုံပြီး မြန်မာ နိုင်ငံနဲ့ မြန်မာအစိုးရကို အပုပ်ချအတင်းပြောပြီး အရောတဝင် သံယောဇဉ်နွှယ်နေတာကလဲ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေအတွက် အမျိုးဖျက်တဲ့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဖော်ဆောင်မှုတွေပေါ့ခင်ဗျာ။

ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းပေါ့ခင်ဗျာ၊ နိုင်ငံ တော်ရဲ့စျေးကွက်စီးပွားရေးအရ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေလာရောက် ရင်းနှီးမြှုပ်နှံနေတာတွေကို လာရောက် မရင်းနှီးကြဖို့၊ ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းတွေကို ပြန်ရုပ်သိမ်းဖို့၊ မြန်မာနိုင်ငံရဲ့ ခရီးသွားနှစ်ကို အသိအမှတ်ပြုပြီး နိုင်ငံတကာဧည့်သည်များ မြန်မာနိုင်ငံကို မလာ ရောက်ကြဖို့ စတဲ့ အပိတ်အဆို့ အတားအဆီး အနှောင့်အယှက် အဖျက်လုပ်ငန်းများနဲ့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို ဆင်းရဲမွဲတေ ဖွတ်ဘိုးအေများဘဝရောက်အောင်ပို့ဆောင်ဖို့ ကြိုးစားကြတာဟာလဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူတွေအတွက် လူ့အခွင့် အရေးလက်ဆောင်ကြီးများဖြစ်သဗျာ။ အကျိုးဆက်တရားကတော့ မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံလုပ်သား ခြောက်သောင်းကျော်နဲ့ အိမ်ထောင်စုဝင် တစ်သိန်းကျော် အခြေအနေမဲ့ ဘဝပျက်တဲ့အထိ ဖြစ်ခဲ့တယ်ဗျာ။

လာသေးသဗျ၊ သာအေးက ဆိုသလိုပဲ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီကို ပြည်သူလူထု ၈၀ ရာခိုင်နှုန်းကြီး တောင် ထောက်ခံတယ်ဆိုပါကလား။ ပေါက်စတို့နားလည်ထားတာ ကတော့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ လမ်းစဉ်ပါတီမဟုတ်ရင် ပြီးရောဆိုပြီး NLD ပါတီကို မဲပေးခဲ့တာ ဖြစ်သဗျ။ အဲ-ရရှိတဲ့ မဲအရေအတွက်ကို ပြောရရင် ထောက်ခံမဲ ၇၉၃၄၆၂၂ မဲသာရတာမို့ ဆန္ဒမဲပေးနိုင်သူအားလုံးရဲ့ ၃၁ရာခိုင်နှုန်းသာ ရရှိခဲ့တာဖြစ်သဗျ။ ၁၉၉၀ပြည့်နှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၄၇ သန်းကျော်ရှိတဲ့အတွက် လူဦးရေအားလုံးနဲ့ယှဉ်ကြည့်ရင် မြန်မာ နိုင်ငံလူဦးရေအားလုံးရဲ့အစွန်းတွက်ကိန်းဂဏန်းပဲ ထောက်ခံမဲရရှိတာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပြောစရာရှိသမျှပြောရရင် NLD ပါတီခေါင်းဆောင်အမျိုးသမီးကို ဒီမိုကရေစီမိခင်ကြီး၊ လူထုခေါင်းဆောင်ကြီးဆိုတဲ့ ဘွဲ့တံဆိပ်ခတ်နှိပ်ချီးမြှင့်ထားပြန်သဗျ၊ အဲဒီ ဒီမိုကရေစီမိခင်ကြီးရဲ့ ဒီမိုကရေစီသဘောတရားကို မြန်မာပြည်သူများမြည်းစမ်းကြည့်ဖို့ ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ နှုတ်ထွက်စကားကို ပေါက်စ လက်ဆင့်ကမ်း မျှဝေပေးပါမယ်ခင်ဗျ၊ အဲသဟာကတော့ အခြား မဟုတ်ပါဘူးခင်ဗျ၊ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမှ မရှိခဲ့ဖူးတဲ့၊ မရှိသေးတဲ့၊ လွှတ်တော်မရှိသေးဘဲ လွှတ်တော်ကိုယ်စားပြု ကော်မတီဆိုတာကြီးကို ဖွဲ့စည်းခဲ့တဲ့ ၁၉၉၈ခုနှစ်မှာပေါ့ခင်ဗျာ၊ ပါတီ ခေါင်းဆောင် အမျိုးသမီးက ပါတီတွင်းဒီမိုကရေစီ အတင်းအဖျင်းစကားဝိုင်းမှာ ဘယ်လိုတွေ မိန့်ကြားသလဲဆိုရင် ဂျပန်နိုင်ငံကို ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်အနေနဲ့ အဏုမြူဗုံးကြဲ တာဟာ ဂျပန်နိုင်ငံမှာ ဒီမိုကရေစီတည်ထောင်ဖို့ဖြစ်တဲ့အတွက် အမေရိကန်ကို ကျေးဇူးတင်ရမှာ ဖြစ်တယ်တဲ့ခင်ဗျ၊ အဲသလိုပဲ အိန္ဒိယနိုင်ငံကို အင်္ဂလိပ်က အချိန်ကြာကြာ အုပ်ချုပ်ပြီးမှ လွတ်လပ်ရေးပေးလို့ အိန္ဒိယနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံအဖြစ်ရှိနေတာ။ မြန်မာနိုင်ငံကို အင်္ဂလိပ်က လွတ်လပ်ရေးပေးတာစောလို့ ဒီမိုကရေစီနိုင်ငံ မဖြစ်တာတဲ့ခင်ဗျာ။

29-6 (10).p65 1 1/1/32, 9:14 PM

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

ဖြစ်ပါတယ်။ ဒါကို ပြည်သူ့ဝေရာခိုင်နှုန်းက ထောက်ခံတယ်လို့ ပြောနေ၊ ဆိုနေတာဟာ အမှန်တရားလား၊ သိသိကြီးနဲ့ ပြည်သူကို လှည့်စားတာလား၊ ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။

ပြောမယ်ဆိုရင် ၁၉၉၀ ပြည့်နှစ်ကာလနဲ့ ၂၀၀၆ ခုနှစ်ကာလတို့ရဲ့ ခြားနားတဲ့ကာလအတွင်းမှာ NLD ကို ပြည်သူကမထောက်ခံတော့တာ၊ ဖျက်သိမ်းခိုင်းတာတွေအပါအဝင် ပါတီဝင်တွေက လက်ပြနှုတ်ဆက် နုတ်ထွက်နေတဲ့ အခြေအနေတွေဟာ NLD ကို ပြည်သူက ဘယ်လို သဘောထားသလဲဆိုတာ ပေါက်စ အထူးမပြောလိုတော့ဘူးဗျာ။

ကဲ-ထားလိုက်ကြဦးစို့ ခင်ဗျာ၊ အဲဒီ စာတမ်းမှာ ဆက်ပြီး ဆိုထားတာက သူတို့ပါတီရဲ့ ခေါင်းဆောင် အမျိုးသမီးဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများအတွက် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးရရှိဖို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ စွန့်လွှတ်အနစ်နာခံဆောင်ရွက်နေသူဖြစ်လို့ လူထုခေါင်းဆောင် အမည်နာမကို ကမ္ဘာ့ညီးထိုးမော်ကွန်းတင်ခဲ့တဲ့ အကြောင်း ကောင်းချီးစကားတွေနဲ့ ဂုဏ်ပြုအမွှမ်းတင်ထားသဗျ။

ဘယ်လိုတွေလဲခင်ဗျာ၊ လူထုခေါင်းဆောင်ဆိုတာ လူထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ အမျိုးသားရေး ခေါင်းဆောင်ဖြစ်တာကို နားမလည်ဘူးလားခင်ဗျာ။ ပါတီခေါင်းဆောင်တစ်ယောက်ကို လူထုခေါင်းဆောင်အဖြစ် ဘယ်လူထုကမျှ အသိအမှတ် မပြုသလို၊ ဘယ်နိုင်ငံရဲ့ အမျိုးသားနိုင်ငံရေးသမိုင်းမှာမျှ မရှိခဲ့ဘူးခင်ဗျ။ မရှိတာကို အရှိလုပ်၊ မဟုတ်တာကို အဟုတ်ပြောပြီး နှုတ်သဘော ဝစီကံ စရိုက်တွေက NLD ပါတီရဲ့ ဝေလေလေဒီမိုကရေစီလေဒီများကို ကံကြီးထိုက်မှာ ပေါက်စ ကြားကနေ အခမဲ့သနားနေသဗျ။

ရှင်းရှင်းလေးခင်ဗျ၊ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာနိုင်ငံရဲ့ အာဇာနည်အမျိုးသားခေါင်းဆောင်ကြီးတွေဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုတိုက်ပွဲကာလ တစ်လျှောက်လုံးမှာ သူ့ကျွန်မခံဇာတိမာန်နဲ့ နိုင်ငံအတွက် အသက်စတေးပေးဆပ်ခဲ့သူတွေဖြစ်သဗျ။ ဒီနေရာမှာ စကားလမ်းကြုံလို့ ပေါက်စပြောရရင် ၁၉၈၉ ခုနှစ်ကာလက ပါတီတွေ ဖွဲ့စည်းခဲ့ကြတော့ နိုင်ငံရေးပါတီပေါင်း ၂၃၃ ပါတီအထိ ဖွဲ့စည်းခဲ့ကြတယ်ဗျာ။ အဲဒီနောက် ဦးနု၊ ဝိဇ္ဇာရသခင်ချစ်မောင်၊ ဗိုလ်ကြာညွှန့်တို့ ခေါင်းဆောင်ပြီး စုစည်းထားတဲ့ ပါတီပေါင်း ၁၅၈ပါတီအနေနဲ့ ပါတီပေါင်းစုံ ညီညွတ်ရေးသဘောတူညီမှုရယူခဲ့သလို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့လဲ ပါတီပေါင်းစုံ ညီညွတ်ရေးအတွက် ပါတီခေါင်းဆောင် အမျိုးသမီးကို သွားရောက်ဆွေးနွေးခဲ့ကြသဗျာ။

သို့ကလို သွားရောက်ဆွေးနွေးတော့ ပါတီခေါင်းဆောင် အမျိုးသမီးက ဘယ်လိုပြန်ဆွေးနွေးသလဲဆိုရင် **NLD ပါတီအနေနဲ့ ပေါင်းစည်း ၃၃ ပါတီ စည်းရုံးပြီးဖြစ်ကြောင်း၊ အဲဒီပါတီများကို လက်အောက်ခံ ပါတီများအဖြစ် စည်းရုံးထားတာဖြစ်ကြောင်း၊ အခု ပါတီပေါင်းစုံညီညွတ်ရေးကိစ္စမှာလဲ NLDပါတီနဲ့ တစ်တန်းတည်း တားပြီး ပေါင်းစည်းရမယ်ဆိုရင် လက်မခံနိုင်ကြောင်း၊ အဲသလို မဟုတ်ဘဲ သူ့ရဲ့အစီအမံနဲ့ ခေါင်းဆောင်မှုကို လက်ခံမယ်ဆိုရင် NLD ပါတီရဲ့ လက်အောက်ခံပါတီအဖြစ် ခွင့်ပြုမယ့်အကြောင်း၊ သူ့အနေနဲ့ အမတ်ဦးရေ ၄၅၀မှာ ၂၅၀ရဖို့ သေချာနေကြောင်း၊ သူ့အနေနဲ့သီးခြားအစိုးရအဖွဲ့ကို အခုထဖွဲ့နိုင်ကြောင်း၊ ဘယ်သူ့ကိုမျှ အားကိုးဖို့မလိုကြောင်း၊ အခုဆိုရင် တစ်နိုင်ငံလုံးက အဘိုးကလဲ စုကြည်၊ အဘွားကလဲ စုကြည် သီချင်းတောင်စပ်ထားပြီဖြစ်ကြောင်း၊ သူ့အနေနဲ့ သူ့ဖခင်ထက်ပင် စည်းရုံးရေးပိုကောင်းနေကြောင်း၊ ဖခင်ထက် ပိုအောင်မြင်နေကြောင်း”** ပြန်ကြား ဆွေးနွေးခဲ့တယ်တဲ့ဗျာ။

ဘယ့်နှယ်လဲခင်ဗျာ၊ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ အမျိုးသားခေါင်းဆောင်ကြီးရဲ့ သမီးဆိုပြီး စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတဲ့ ကိုယ့်ဘဝကို မေ့နေသလို မြန်မာနိုင်ငံမှာရှိရှိသမျှ နိုင်ငံရေးပါတီ အားလုံးရဲ့ ခေါင်းဆောင်အဖြစ် သရဖူဆောင်းပြီး တစ်ဦးတည်းသော အာဏာရှင်ဘဝကို စိတ်ကူးယဉ်နေတဲ့ ပါတီ ခေါင်းဆောင် အမျိုးသမီးကို လူထုခေါင်းဆောင်လို့ ဘယ်နိုင်ငံရေး သုခမိန်နဲ့ အဘယ်မည်သော ပြည်သူတို့ကမျှ အသိအမှတ် မပြုပါဘူး ခင်ဗျား။ လူထုခေါင်းဆောင် အမျိုးသားခေါင်းဆောင်ဆိုတာ ကိုယ့်အုပ်စု ကိုယ့်ပါတီတစ်ခုတည်းက ကျီး ဘုတ်မြှောက်၊ ဘုတ် ကျီးမြှောက်သလို မြှောက်လို့မရသလို ဘယ်လို အကြံအဖန်နိုင်ငံတကာဆုတွေ၊ ဘွဲ့တွေ နဲ့မှလဲ ဝယ်ယူလို့မရပါဘူး။ နိုဘယ်လ်ဆုအပါအဝင် ဆုပေါင်း ၈၂ ဆုကြီးများတောင် ရရှိခဲ့လို့ ပါတီခေါင်းဆောင် အမျိုးသမီးဟာ ဒီမိုကရေစီမိခင်ကြီး၊ လူထုခေါင်းဆောင်ကြီးအဖြစ် ပြည်သူတစ်ရပ်လုံးက အသိအမှတ်ပြုနေတယ် ဆိုပါကလားခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ NLD ပါတီ ခေါင်းဆောင်အမျိုးသမီးကို နိုဘယ်လ်ဆုချီးမြှင့်ခဲ့တဲ့အတွက် ကမ္ဘာ့ အလယ်မှာ ထည်ထည်ဝါဝါနဲ့ သိက္ခာရှိခဲ့တဲ့ နိုဘယ်လ်ဆုဟာ လူရယ်စရာ ဖြစ်ခဲ့ရသကောဗျာ။ နိုဘယ်လ်ဆုအတွက် မူလသတ်မှတ်ခဲ့တဲ့ စံနှုန်းတွေ၊ အရည်အချင်းတွေနဲ့ တိုက်ဆိုင်ကြည့်လိုက်ရင် NLD ပါတီ ခေါင်းဆောင်အမျိုးသမီးနဲ့ နိုဘယ်လ်ဆုဟာ တခြားစီခင်ဗျာ။ ဘယ်လိုအုပ်စုတွေက ဘယ်လို အကြံအဖန်တွေနဲ့ ပါတီခေါင်းဆောင်အမျိုးသမီးကို နိုဘယ်လ်ဆု ပေးတယ်ဆိုတာ ဆောင်းပါးရှင်တွေ အထပ်ထပ်ရေးပြီးဖြစ်လို့ ပေါက်စ အထူးအထွေ ပေမရှည်တော့ဘူးဗျာ၊ အဲသလိုပဲ အခြားသောဆုတွေ ကလဲ မြန်မာနိုင်ငံမှာ ပါတီခေါင်းဆောင်အမျိုးသမီးက တစ်ခုခု ဆူပူအုံကြွအောင် ရုတ်ရုတ်လုပ်လိုက်တိုင်း နောက်ပိုင်းက မဆိုင်းမတွဘဲ ဘာညာသရကာဆုတွေကို ချီးမြှင့်ပြီး ဂုဏ်ပြုလိုက် လုပ်နေကြတာဟာ သူတို့ကြိုးဆွဲတဲ့အရုပ်ကို သူတို့ ဆေးသုတ် အရောင်တင်ပြီး လူရာ ဝင်အောင် ကြိုးစားနေကြတာပါကလားလို့ ပေါက်စ တရားကျစွာ ခံစားနားလည်ထားပါတယ်ခင်ဗျာ။ ကမ္ဘာပေါ်မှာ ကမ္ဘာ့ပြည်သူတွေရဲ့ ငြိမ်းချမ်းရေး၊ စားဝတ်နေမှု ဖူလုံရေး၊ ကျန်းမာရေးကအစ လူမှုဘဝတွေ မြင့်မားအောင် စွမ်းဆောင်နေကြတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေတောင် NLD ပါတီခေါင်းဆောင်လောက် ဘွဲ့ထူးဂုဏ်ထူးတွေ မရခဲ့ကြဘဲ NLD ပါတီ ခေါင်းဆောင်အမျိုးသမီးကျမှ ဆုတွေ တထောကြီးရနေ တာကလဲ ကမ္ဘာ့ပြည်သူများအနေနဲ့ နားမျက်စိလည်စရာပါပဲခင်ဗျာ။

ပြောစရာရှိသမျှပြောရရင် NLD ပါတီခေါင်းဆောင်အမျိုးသမီး ကို ဒီမိုကရေစီမိခင်ကြီး၊ လူထုခေါင်းဆောင်ကြီးဆိုတဲ့ ဘွဲ့တံဆိပ် ခတ်နှိပ်ချီးမြှင့်ထားပြန်သဗျ၊ အဲဒီ ဒီမိုကရေစီမိခင်ကြီးရဲ့ ဒီမိုကရေစီ သဘောတရားကို မြန်မာပြည်သူများ မြည်းစမ်းကြည့်ဖို့ ပါတီ ခေါင်းဆောင် အမျိုးသမီးရဲ့ နှုတ်ထွက်စကားကို ပေါက်စလက်ဆင့်ကမ်း မျှဝေပေးပါမယ်ခင်ဗျ၊ အဲသဟာကတော့ အခြားမဟုတ်ပါဘူးခင်ဗျ၊ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမျှ မရှိခဲ့ဖူးတဲ့၊ မရှိသေးတဲ့၊ လွှတ်တော် မရှိသေးဘဲ လွှတ်တော်ကိုယ်စားပြု ကော်မတီဆိုတာကြီးကို ဖွဲ့စည်းခဲ့တဲ့ ၁၉၉၈ခုနှစ်မှာပေါ့ခင်ဗျာ၊ ပါတီခေါင်းဆောင် အမျိုးသမီးက ပါတီ တွင်း ဒီမိုကရေစီ အတင်းအဖျင်းစကားဝိုင်းမှာ ဘယ်လိုတွေ မိန့်ကြားသလဲဆိုရင် ဂျပန်နိုင်ငံကို ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်အနေနဲ့ အဏုမြူဗုံးကြဲတာဟာ ဂျပန်နိုင်ငံမှာ ဒီမိုကရေစီတည်ထောင်ဖို့ ဖြစ်တဲ့အတွက် အမေရိကန်ကို ကျေးဇူးတင်ရမှာ ဖြစ်တယ်တဲ့ခင်ဗျ၊ အဲသလိုပဲ အိန္ဒိယနိုင်ငံကို အင်္ဂလိပ်က အချိန်ကြာကြာ အုပ်ချုပ်ပြီးမှ လွတ်လပ်ရေးပေးလို့ အိန္ဒိယနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံအဖြစ်ရှိနေတာ။ မြန်မာနိုင်ငံကို အင်္ဂလိပ်က လွတ်လပ်ရေးပေးတာစောလို့ ဒီမိုကရေစီ နိုင်ငံ မဖြစ်တာတဲ့ခင်ဗျာ။

ရှင်းပါတယ်နော်၊ NLDပါတီခေါင်းဆောင် အမျိုးသမီးက ဂျပန်နိုင်ငံကို အမေရိကန်က အဏုမြူဗုံးကြဲခဲ့လို့ ဂျပန်ပြည်သူတွေသိန်းချီပြီး သေခဲ့တာတွေ၊ အဏုမြူဗုံးကြဲခံရပြီး ကာလနောက်ပိုင်းမှာ ဂျပန်ပြည်သူတွေ အဏုမြူအဆိပ်သင့်လို့ သေသူသေ၊ ခန္ဓာကိုယ်ပျက်သူ ပျက်နဲ့၊ သန်းချီပြီး သေကျေဒဏ်ရာရတာတွေကို စာနာထောက်ထား နားလည်မှုမရှိဘဲ အမေရိကန်ကို ဒီမိုကရေစီကျေးဇူးရှင်အဖြစ် ကျေးဇူး တွေတင်ပြနေတာဟာ နှစ်စဉ်နှစ်တိုင်း အဏုမြူဗုံးဆန့်ကျင်ရေး ဆန္ဒပြပွဲတွေ နိုင်ငံနဲ့အဝန်းကျင်းပနေတဲ့ ဂျပန်ပြည်သူတွေအပေါ် အချိုကြီး စော်ကားလိုက်တာပဲခင်ဗျာ။

အဲ-မဟတ္တမဂန္ဒီကြီးအစ ပဏ္ဍစ်နေရူးအလယ်၊ အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်အားလုံးရဲ့ လွတ်လပ်ရေးတိုက်ပွဲကြောင့် မလွှဲမကင်းသာ လွတ်လပ်ရေးပေးလိုက်ရတဲ့ အင်္ဂလိပ်အစိုးရကို အိန္ဒိယနိုင်ငံရဲ့ ဒီမိုကရေစီကျေးဇူးရှင်များအဖြစ် ချီးကျူးဂုဏ်ပြုနေတဲ့ NLD ပါတီ ခေါင်းဆောင်အမျိုးသမီးဟာ ဘယ်လို ဒီမိုကရေစီမိခင်လဲ ခင်ဗျာ၊ ဘယ်လိုလူထုခေါင်းဆောင် အတန်းအစားလို့ သတ်မှတ်မလဲခင်ဗျာ၊ NLD ပါတီက ဝေလေလေဒီမိုကရေစီလေဒီကြီးများ ဖြေရဲသလား ခင်ဗျာ။

သို့ကလိုပါပဲ၊ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေအသင်းကြီးတွေနဲ့ တို့ဗမာအစည်းအရုံးကြီးအပါအဝင် ဖဆပလအဖွဲ့၊ မြန်မာ့တပ်မတော် တို့နဲ့အတူ မြန်မာပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွတဲ့ အမျိုးသား ရေး ဇာတိမာန်နဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုဖြစ်တဲ့ လွတ်လပ်ရေးတိုက်ပွဲကြီး တွေမှာ ပြည်သူတွေရဲ့ အသက်၊ သွေး၊ ချွေးတွေ၊ နယ်ချဲ့ဆန့်ကျင်ရေး အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အသက်၊ သွေး၊ ချွေးတွေနဲ့ စတေး ပေးဆပ်ပြီးမှ ရခဲ့တဲ့လွတ်လပ်ရေးကို အင်္ဂလိပ်နယ်ချဲ့သမားက လိုလို လားလား အလွယ်တကူပေးခဲ့လို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ မဖြစ်ခဲ့တာဆိုပြီး မြည်တွန်တောက်တီး ညည်းညူနေတဲ့ NLD ပါတီ ခေါင်းဆောင်အမျိုးသမီးဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီမိခင်ကြီး၊ လူထုခေါင်းဆောင်ကြီး ဖြစ်တယ်လို့ နှုတ်ထွက်ရဲရဲ ကြေညာရဲတဲ့ NLD က ဝေလေလေ ဒီမိုကရေစီ လေဒီကြီးများကိုတော့ ပေါက်စ အနေနဲ့ လက်လန်တယ်ဗျာ။

တစ်ခါတစ်ခါတော့လဲ မပြုံးဘဲနဲ့ ဝါးလုံးကွဲ ရယ်လောက် အောင် NLD ပါတီခေါင်းဆောင်အမျိုးသမီးက တပ်မတော်ကို နှုတ်ခလုတ်တိုက်ပြီး ပြောတတ်တာက ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်ဟာ ဒီလိုမဟုတ်ဘူး၊ ဟိုလိုမဟုတ်ဘူးဆိုတာကတစ်မျိုး၊ ဖေဖေဖြစ်စေချင်တဲ့ တပ်မတော်က အခုလိုမျိုး မဟုတ်ဘူးဆိုပြီး ဆရာကြီးလုပ်၊ မင်္ဂလာယူနေတာမျိုးပေါ့ဗျာ။ အဲ-ပေါက်စအမြင်အရ ရှင်းရှင်းပြောရရင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တပ်မတော် ခေါင်းဆောင်ကြီးများချမှတ်ခဲ့တဲ့ အမျိုးသားရေးလမ်းစဉ်ပေါ်မှာ အဆက်ဆက်သော တပ်မတော်မျိုးဆက်သစ်ခေါင်းဆောင်တွေဟာ မသွေမဖည်ဘဲ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာနဲ့လွတ်လပ်ရေးကြီး အစွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးတွေပေးဆပ် စွန့်လွှတ်ရင်းနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ခဲ့၊ စောင့်ရှောက်နေတာ၊ ဂန္ထဝင်မြောက် အမျိုးသားရေးမော်ကွန်းကြီးတွေ အခိုင်အမာရှိနေပါတယ်ခင်ဗျာ။

တစ်ခုပဲမေးစရာရှိပါတယ်၊ NLD ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ ဘဝဖြတ်သန်းမှုကကော ဖခင်ဖြစ်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်စေချင်သလို ဖြည့်ဆည်းခဲ့သလား၊ အဘေး ဖြစ်သူ ဗိုလ်မင်းရောင်ကို ခေါင်းဖြတ်သတ်ပြီး ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနဲ့အာဇာနည်ကြီးတွေကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ အင်္ဂလိပ် နယ်ချဲ့သမားရဲ့ အမျိုးအနွယ်ကိုမှ ရွေးချယ်ကာ အိမ်ဦးနတ်အဖြစ် စုလျားရစ်ပတ် လက်ထပ်ခဲ့တာဟာ ဖခင်ဖြစ်သူ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်စေချင်တဲ့ ဘဝလားလို့ NLD ပါတီက ဝေလေလေဒီမိုကရေစီ လေဒီကြီးတွေကို ပေါက်စ မေးရင် ဘယ်လိုဖြေကြမလဲခင်ဗျာ။

အဲ-တစ်ဆက်တည်းပြောရရင် မနိုင်းကောင်း၊ မနိုင်းအပ်ဆိုသလို ခပ်ပြာနှင့်ရွှေစင် ပလ္လင်နဲ့ခွေးခုတက် ဆက်စပ်လို့မရနိုင်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုဆိုတဲ့ သမိုင်းဝင် လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာအမျိုးသမီး သူရဲကောင်းကြီးတွေကို ကိုးကားကောက်နုတ် စာရင်းလုပ်ပြနေတာ ကလဲ မဆီလေးရယ်တဲ့ မဆိုင်ပါခင်ဗျာ။

ဘာလို့လဲဆိုတော့ ဂန္ထဝင်မြောက် လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာအမျိုးသမီးတွေဟာ နယ်ချဲ့အင်္ဂလိပ်ရဲ့ ဖိနှိပ်မှုကို ဆန့်ကျင် တော်လှန်တဲ့နေရာမှာ ဘယ့်ကလောက် ရဲရင့်ပြတ်သားသလဲဆိုရင် တောင်သူလယ်သမား အရေးတော်ပုံ အကြိုကာလမှာ ဝံသာနု ခေါင်းဆောင်တွေနဲ့အတူ ရွာစဉ်လိုက်ပြီး တရားဟောနေတဲ့ သုံးဆယ်မြို့နယ် ငဖြူလေး ကျေးရွာက ဒေါ်စိန်ပွင့်ဟာ ဝံသာနု ခေါင်းဆောင်တွေကို သရော်လှောင်ပြောင်စော်ကားနေတဲ့ အင်္ဂလိပ် မြင်းစီးပုလိပ်ရဲ့ပါးကို ဖိနပ်နဲ့ချခဲ့လို့ ထောင်တစ်လ ကျခဲ့ရသလို၊ ၁၉၃၈ ခုနှစ် ရေနံမြေသပိတ်တိုက်ပွဲမှာလဲ အင်္ဂလိပ်အရေးပိုင်ကို သခင်မ ဒေါ်အေးသန်းက ပါးရိုက်ခဲ့တဲ့အတွက် အင်္ဂလိပ်အစိုးရက ထောင်ချခဲ့တယ်ဗျာ။

သို့ကလိုသော နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးမားခဲ့တဲ့ မြန်မာအမျိုးသမီးများရဲ့ သမိုင်းဝင် နယ်ချဲ့ဆန့်ကျင်ရေးအမွေကို NLD ပါတီခေါင်းဆောင် အမျိုးသမီးနဲ့အတူ ဝေလေလေဒီမိုကရေစီ လေဒီကြီးများက ဘယ်လိုဆက်ခံထိန်းသိမ်းနေကြသလဲဆိုတာ မြန်မာ ပြည်သူ ခုနှစ်ရက်သားသမီးများရဲ့မျက်စိရှေ့မှောက်မှာ မြင်နေ၊ ကြားနေ၊ သိနေတဲ့အတိုင်း ပြည်ပအားကိုးပုဆိန်ရိုးအလုပ်တွေနဲ့ တိုင်းဖျက်ပြည်ဖျက် နှောင့်ယှက်နေတဲ့ အဖျက်လုပ်ငန်း သံသရာထဲမှာ တဝဲဝဲရယ်တဲ့ တလည်လည်ဖြစ်နေတော့ မြန်မာအမျိုးသမီးများနေ့ကို မယ်ပိုင်စီးပြီး လက်ဝါးအုပ်ရင်း မြန်မာအမျိုးသမီးတွေရဲ့ သမိုင်းကြောင်းကောင်းမွေကို ဖျက်ဆီးကြမယ်ဆိုရင် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးတဲ့ မြန်မာ အမျိုးသမီးထုကြီးရဲ့ ဆန့်ကျင်ဒဏ်ခတ်မှုကြီးကို မလွှဲမသွေခံရ မှာပဲဖြစ်တယ်ခင်ဗျာ။

ကဲ-ပေါက်စ စကားကို အနားသတ်ပြီး ဖြတ်ရရင် NLD ပါတီခေါင်းဆောင် အမျိုးသမီးကို လူထုခေါင်းဆောင်ကြီး၊ ဒီမိုကရေစီ မိခင်ကြီးအဖြစ်နဲ့ သူ့ရဲ့မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ကြတဲ့ တိုင်းပြေး၊ ပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်အုပ်စု တွေနဲ့ NLD ပါတီက ဝေလေလေ ဒီမိုကရေစီ လေဒီကြီးများရဲ့ ဖြန့်ဝေစာဟာ **“ထန်းပလက်စုတ်ကို နတ်ရုပ်လုပ် ကိုးကွယ်တာပဲ ဖြစ်တယ်”**လို့ ပေါက်စ စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ် ခင်ဗျား။ ။

အင်အားနှင့် အမှန်တရား

✷ ရွှေမေတ္တာ အမှန်သာရှိရင်ဖြင့်
လေပစ်ကာ မမှန်တာမကလိပါနဲ့
မှန်တာအရှိကိုပဲ ပြောစေချင်၊
မပြုသင့်တာ တွေးကြံကာထိုးလိုက်ပုံက
လူ့အခွင့်အရေးမှာ မြန်မာဟာဆိုးပြန်သတဲ့
ငြိုးမာန်ဖွဲ့ကာ လုပ်ကြံသတင်းတွေနဲ့
ဇွတ်အတင်းအမှုချစွဲပါလို့
ကုလပွဲကိုတဲ့ တင်ဖို့ပြင်။

✷ အင်အားရှင် သူအကောင်ပဲဟာမို့
မရှောင်မလွှဲသာ နိုင်ငံတကာက
သူ့ခြေရာ ဦးတည်လမ်းကိုလ
လျှောက်လှမ်းလိမ့်တူပြိုင်
ပိုင်ပြီဟုသူတွက်၊
အင်အားရှင် မှန်ပါကြောင်းပေမယ့်
ထင်ရှားအသွင် မမှန်တာများလေတော့
အမှန်တရားအခြေခံတဲ့
နိုင်နိုင်ငံသဘင်ပွဲမှာ
ကွဲလိမ့်အရှက်။ ။

ပျံလွှား

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ရောက်အသင်းများ၏ နောက်ဆုံးသတင်းများ

စုစည်းတင်ဆက်သူ
မောင်မောင်မြင့်ဆွေ

● **ကျောဖုံးမှ**

အာဂျင်တီးနားအသင်းအနိုင်ရရှိခဲ့ပါက တစ်ဝါအထိခံခဲ့ရပြီးသော ဟိန့်ဇ် နှင့်ဆိုရင်တို့ အကြိုဗိုလ်လုပွဲစဉ်၌ ပါဝင်ကစားရမည် မဟုတ်ဘဲ ပွဲပယ်ခံရမည်ဖြစ်သည်ဟု ဆိုသည်။



အာဂျင်တီးနား နောက်ခံလူ

အာဂျင်တီးနား နောက်ခံလူ ဟိန့်ဇ်။
(ဓာတ်ပုံ- အင်တာနက်)

အာဂျင်တီးနားအသင်းကပ္ပတိန်အဖြစ် ရော်ဘာတိုအာယာလာ စံချိန်ချိုးမယ်

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အာဂျင်တီးနားအသင်း ကပ္ပတိန်ရော်ဘာတိုအာယာလာသည် ရှုံးထွက်ပွဲစဉ်များ ကစားပြီးနောက် အာဂျင်တီးနားအသင်း ကပ္ပတိန်အဖြစ် ပွဲပေါင်း ၁၀၄ ပွဲ ကစားခဲ့ပြီးဖြစ်ရာ အာဂျင်တီးနားအသင်း ကပ္ပတိန်သက်တမ်း အရှည်ဆုံးဖြစ်သည့် ဒီယေဂိုဆီမြွန်နီ၏ ၁၀၆ ပွဲ စံချိန်ကို ချိုးနိုင်ရန် နီးစပ်နေပြီဖြစ်သည်။

အီတလီနောက်ခံလူနက်စတာ ကွာတားဖိုင်နယ်ပွဲနှင့်လွဲပြီ

အီတလီနောက်ခံလူနက်စတာသည် ဩစတြေးလျနှင့် ရှုံးထွက်ပွဲ ကစားခဲ့သည့်ပွဲစဉ်၌ ဒဏ်ရာရရှိခဲ့သဖြင့် ယူကရိန်းနှင့်ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်နှင့် လွဲရပြီဖြစ်ကြောင်း သိရသည်။

နက်စတာ၏ဒဏ်ရာကို ကြိုးစားကုသနေသော်လည်း ကွာတားဖိုင်နယ်ပွဲစဉ်အမီ ပြန်ကောင်းလာနိုင်ရန် အခွင့်အရေး နည်းနေကြောင်း၊ ယခုအခါ အသင်းနှင့်အတူ လေ့ကျင့်မှုမပြုလုပ်နိုင်ကြောင်း အီတလီအသင်း ဆရာဝန်က ပြောကြားသည်။

ခြေထောက်ဒဏ်ရာရရှိသွားသော အီတလီ နောက်ခံလူ နက်စတာ။
(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီး ကမ္ဘာ့ဖလားရအောင်ကြိုးစားမည်ဟု ရော်နယ်ဒိုပြောကြား

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် ဂိုးအများဆုံးသွင်းခဲ့သူ ဂတ်မူလာ၏ ၁၄ဂိုး သွင်းခဲ့သည့် စံချိန်ကိုချိုးပြီးနောက် ဘရာဇီးအသင်း ကမ္ဘာ့ဖလားထပ်မံရအောင် အစွမ်းကုန် ကြိုးစားသွားမည်ဟု ရော်နယ်ဒိုက ပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ဂိုးအများဆုံးသွင်းသူတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း၊ မိမိဆန္ဒပြည့်ဝခဲ့ကြောင်း၊ နောက်ထပ်ဆန္ဒတစ်ခုမှာ ဘရာဇီးအသင်း ကမ္ဘာ့ဖလားရရှိရေးပင်ဖြစ်ကြောင်း အောင်မြင်ရန် ကြိုးစားသွားမည်ဟု ရော်နယ်ဒိုက ပြောကြားသည်။

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

ဒေကို ကွာတားဖိုင်နယ်နှင့် လွဲမည်

အနီကတ်ထိထားသော ဒေကိုအား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ထည့်သွင်းကစားခွင့်ပြုမည် မဟုတ်ကြောင်း ဖီဖာက ပြောကြားခဲ့သဖြင့် အင်္ဂလန်နှင့် ကစားရမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဒေကို ပါဝင်နိုင်ဖွယ်မရှိကြောင်းသိရသည်။

ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်က ဖီဖာအား အသနားခံစာတင်မည်ဖြစ်သော်လည်း ကျေနပ်ဖွယ်ရာရလဒ် ထွက်ပေါ်ဖွယ်ရာမရှိကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ညည်းတွားလိုက်သည်။ သို့ရာတွင် ဆက်လက် ကြိုးစားနေဆဲဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။



ပေါ်တူဂီ ကွင်းလယ်ကစားသမား ဒေကို။
(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးအသင်းပထမပိုင်း အမှားများလုပ်ခဲ့ကြောင်း ပရဲရားပြောကြား

ဂါနာအသင်းနှင့် ရှုံးထွက်ပွဲကစားခဲ့သည့်ပွဲတွင် မိမိကစားသမားများ အနေဖြင့် အမှားများပြုလုပ်ခဲ့ကြောင်း ဘရာဇီးနည်းပြ ပရဲရားက ပြောကြားလိုက်သည်။ ပရဲရားက ပြောကြားရာတွင် ဘရာဇီးအသင်းသည် ဘောလုံးကစားရာတွင် ကျွမ်းကျင်မှု၊ တစ်ဦးချင်းနှင့် အသင်းလိုက်နားလည်မှုရှိရှိဖြင့် ကစားရာတွင် မလိုလားအပ်သည့်အလှအပများကို ဦးစားပေးကစားခဲ့ကြောင်း၊ လှပသော ဘောလုံးကစားမှုကို မိမိမည်သို့မျှ မပြောလိုသော်လည်း အရေးကြီးသည့်ပွဲစဉ်များ၌ အနိုင်ရရှိရေးကို ဦးတည်ရမှာဖြစ်ကြောင်း ဘရာဇီးနည်းပြ ကားလို့စ်အယ်ဘာတိုပရဲရားက ပြောကြားလိုက်သည်။

ဘရာဇီးအသင်း ပီလီတို့ကစားခဲ့စဉ် အချိန်ကပင် တိမ်းမူးဖွယ်ရာကစားနည်းများဖြင့် ကမ္ဘာ့ဘောလုံးပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ဘရာဇီး ကစားဟန်လည်း ကမ္ဘာကျော်ခဲ့ကြောင်း၊ မိမိအနေဖြင့် ဘရာဇီးကစားသမားများအားလုံး အနိုင်ရရှိရေး ဦးတည်ချက်တစ်ခုတည်းကိုသာ အာရုံစိုက်ကစားသင့်ကြောင်း သတိပေးလိုက်သည်။

ဘရာဇီး နည်းပြ

ဘရာဇီးနည်းပြ ကားလို့စ်အယ်ဘာတိုပရဲရား။
(ဓာတ်ပုံ- အင်တာနက်)



ပြင်သစ်ကိုရှုံးကြွေးဆပ်ရမည်ဟု ရော်နယ်ဒင်ဟိုပြောကြား

ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘရာဇီးအသင်းသည် ပြင်သစ်နှင့်ကစားရမည်ဖြစ်ရာ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ရှုံးနိမ့်ခဲ့ရသည့်အကြွေးကို မိမိတို့ပြန်ဆပ်နိုင်တော့မည်ဖြစ်ကြောင်း ဘရာဇီးကွင်းလယ်တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ရော်နယ်ဒင်ဟိုက ပြောကြားလိုက်သည်။

မိမိတို့ ဘရာဇီးအသင်းအကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း၊ ဘရာဇီးသည် ချန်ပီယံခြေစွမ်းရှိနေကြောင်း၊ ပြင်သစ်တို့အား အကြွေးဆပ်ရန် မိမိတို့ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ရော်နယ်ဒင်ဟိုက ပြောကြားသည်။

ရော်နယ်ဒင်ဟိုသည် ယခုကမ္ဘာ့ဖလားပွဲတိုင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဘရာဇီးအတွက် သွင်းဂိုးများရအောင်လည်း အဓိက စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ပြင်သစ်နည်းပြ

ပြင်သစ်နည်းပြ ဒိုမီနစ်ချ်။
(ဓာတ်ပုံ- အင်တာနက်)

ပြင်သစ်အသင်း ပုံမှန်ခြေစွမ်းပြန်ရပြီဟု နည်းပြဒိုမီနစ်ချ် ပြောကြား

ယခုကမ္ဘာ့ဖလားပွဲစဉ်များတွင် ခြေစွမ်းမတည်မငြိမ် ဖြစ်နေသော ပြင်သစ်အသင်းသည် စပိန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ပုံမှန်ခြေစွမ်းပြန်ရပြီဟု ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

အင်္ဂလန်နောက်ခံလူ ဖာဒီနန်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်အသင်း ကွာတားဖိုင်နယ်၌ ဘရာဇီးနှင့် ကစားရမည်ဖြစ်ရာ ယခုခြေစွမ်းအတိုင်း ကစားပါက ဘရာဇီးကို မိမိတို့အနိုင်ရရန်မှာ သေချာကြောင်း၊ အနိုင်ရရှိရေး စိတ်ဓာတ်ပြင်းပြနေရန်သာ လိုအပ်ကြောင်း၊ မိမိတို့တွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားများ ရှိနေကြောင်း ဒိုမီနစ်ချ်က ပြောကြားသည်။

- **ဖရီးကစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အထင်ရှားဆုံးဘောလုံးသမား ဒေးဗစ်ဘက်ခမ်း ဖြစ်လာ။**
- **ဒိုင်လူကြီး၏ဆုံးဖြတ်ချက်မှားယွင်းမှုကြောင့် ဂိုးများပေးခဲ့ရခြင်းကို ဂါနာနည်းပြ ရင်နာနေ။**
- **စကိုလာရီထက် အင်္ဂလန်နည်းပြအဲရစ်ဆင်က သာကြောင်း အင်္ဂလန်နောက်ခံလူ ဖာဒီနန်ပြောကြား။**
- **စပိန်နှင့်ပြင်သစ်ပွဲ၌ အမှားများပြုလုပ်ခဲ့သော ကွင်းလယ်ဒိုင်လူကြီး ရိုဘာတိုရိုဆက်တီအား စပိန်နည်းပြ မကျေနပ်။**

(ကိုးကား-အင်တာနက်)

ဘရာဇီးကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟို။(ဓာတ်ပုံ-အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏
အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန် ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၁၆

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ဂါနာကို ဂိုးပြတ်နိုင်သည့် ချန်ပီယံဘရာဇီး ခြေစွမ်းပြလာသည့် ပြင်သစ်ကိုကျော်နိုင်မည်လော

စုစည်းတင်ပြသူ **မြင့်မောင်စိုး**

ဒေါ့မွန်(ဂျာမနီ) ဇွန် ၂၈

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဒုတိယ အဆင့် ရှုံးထွက်ပြိုင်ပွဲများကို ဇွန် ၂၇ ရက် ညနေပိုင်းက နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့ကြရာ လက်ရှိ ချန်ပီယံ ဘရာဇီးအသင်းက ဂါနာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပြင်သစ်အသင်းက စပိန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကြပြီ ဖြစ်သည်။

ဂိုးအများဆုံးသွင်းသူ

ဘရာဇီးက ဂါနာကိုနိုင်ပြီး ကွာတားဖိုင်နယ်တွင် ပြင်သစ်နှင့်ကစားရန် အသင့်ဖြစ်နေချိန်တွင် ရော်နယ်ဒိုသည်လည်း ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် ဂိုးအများဆုံးသွင်းသူဖြစ်လာသည်။

အသက် ၂၉နှစ်အရွယ်ရှိ ရော်နယ်ဒိုသည် ပွဲချိန်၄ါးမိနစ်တွင် ကာကာ ထိုးပေးလိုက်သော ဘောလုံးကို ဆွဲပြေးသွားပြီး ဂါနာဂိုးသမား ရစ်ချက်ကင်ဆွန်ကိုလှည့်၍ ဂိုးသွင်းယူလိုက်ခြင်းဖြင့် ကမ္ဘာ့ဖလားတွင် ၁၄ ဂိုး အများဆုံး သွင်းထားသည့် ဂတ်မူလာကို ကျော်သွားစေခဲ့သည်။

ပြင်သစ်တိုက်စစ်မှူး ဖရန့်ရီဘာရီ ထိုးဖောက်သယ်ယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမှားအယွင်းမရှိ

ပွဲချိန် ၄၅ မိနစ်တွင် ကာဖူးညာတောင်ပံမှ ချိုးပေးလိုက်သော ဘောလုံးကို အက်ဒရီယာနိုက အမှားအယွင်းမရှိ သွင်းယူလိုက်ပြန်သည်။

သို့ရာတွင် ဂါနာအသင်းသည် ဘရာဇီးအသင်းကို ပထမပိုင်းတစ်လျှောက်လုံး ဖိကစားနိုင်ခဲ့သည်။ ဂိုးသွင်းမှုမသေချာ၍သာ ဂါနာတို့ နစ်နာခဲ့ရသည်။ဝါရင့်သမ္ဘာရင့်သော ဘရာဇီးအသင်းသည် ပုံမှန်ကစားပြီး ရရှိသည့် အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်၍ ဂါနာဂိုးပေါက်ထဲမှ ဘောလုံးများကို ရှာဖွေနိုင်ခဲ့ကြသည်။

ဘရာဇီးအသင်းသည် ပြင်သစ်အသင်းနှင့် ဖရန့်ဖွတ်မြို့၌ ဇူလိုင် ၂ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ဘရာဇီးအသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ဇီရော်ဘတ်တိုက သွင်းယူနိုင်ခဲ့သည်။ သို့ရာတွင် ဂါနာကစားသမား ဂိုင်ယန်သည် နှစ်ဝါ တစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပြင်သစ်အသင်းက ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ စပိန်အသင်းသည် ပွဲချိန် ၂၈ မိနစ်တွင် နောက်တန်းလူ သူရမ်က စပိန်မှ ပါဘလိုအား ကြမ်းတမ်းစွာ ကစားခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီပေးလိုက်သည်။ ယင်းပယ်နယ်တီကို ဒေးဗစ်ဗီလာက သွင်းယူနိုင်ခဲ့၍ စပိန်တို့က စ၍ သွင်းဂိုးရရှိခဲ့သည်။

ရှုံးနိမ့်ခဲ့

သို့ရာတွင် ပြင်သစ်အသင်းက မကြာမီမှာပင် ပက်ထရစ်ဗီယာရာ ထိုးပေးသည့် ဘောလုံးကို ဖရန့်ရီဘာရီက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲပြီးရန် ခုနစ်မိနစ် အလိုတွင် ဗီယာရာက ခေါင်းတိုက်ဂိုးဖြင့် ပြင်သစ်အသင်းအတွက် အနိုင်ဂိုးစသွင်းပေးနိုင်ခဲ့သည်။ ဇီနက်ဒင်းဇီဒန်းက ပွဲသိမ်းချိန်တွင် ပြင်သစ်အသင်းအတွက် တတိယမြောက်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ဇီဒန်းသည် ကမ္ဘာ့ဖလားအဖွင့်ပွဲ နှစ်ပွဲတွင် အရှုံးနှင့်ရင်မဆိုင်ရရေးအတွက်ပြင်သစ်အသင်းကို ထိန်းထားပေးနိုင်ခဲ့သူဖြစ်သည်။ ပြင်သစ်၏ အောင်မြင်မှုသည် ဘရာဇီးကို ခြိမ်းခြောက်လာသည်။ အဘယ်ကြောင့်ဆိုသော် ဘရာဇီးအသင်းသည် ၁၉၉၈ခုနှစ်က ဖိုလ်လုပွဲတွင် ပြင်သစ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ ဖြစ်သည်။

ထိုစဉ်က ဇီဒန်းသည် ပြင်သစ်အသင်းအတွက် နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ပြင်သစ်အသင်း၏ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်နှင့်ခြေစွမ်းကို ဘရာဇီးတို့ ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။

စပိန်အသင်းသည် အာရာဂိုးနက်စ် ကိုင်တွယ်စဉ်တစ်လျှောက် ၂၅ ပွဲ ကစားခဲ့ရာတွင် ပထမဆုံးရှုံးနိမ့်ခြင်းဖြစ်သည်။ ဘောလုံးပရိသတ်များအားလုံးက ယင်းတို့နှစ်သင်း ကစားရာတွင် စပိန်အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ အဘယ်ကြောင့်ဆိုသော် ပြင်သစ်အသင်းသည် အဖွင့်ပွဲစဉ်များတွင် ခြေစွမ်းပြနိုင်ခဲ့ခြင်းမရှိပေ။ သို့ရာတွင် စပိန်အသင်းသည် လျင်လျင်မြန်မြန်၊ ကစားကွက်လှလှပပဖြင့် အဖွင့်ပွဲစဉ်များတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ သို့ရာတွင် ပြင်သစ်အသင်းက ၎င်း၏လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။

ကမ္ဘာ့ဖလား ရှုံးထွက်ပြိုင်ပွဲများ ကျင်းပပြီးစီးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့သော အသင်းများမှာ ဂျာမနီ၊အာဂျင်တီးနား၊အီတလီ၊ ယူကရိန်း၊အင်္ဂလန်၊ ပေါ်တူဂီ၊ ဘရာဇီးနှင့် ပြင်သစ်တို့ ဖြစ်ကြသည်။

ကမ္ဘာ့ဖလား သတင်းဝယက်

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုဂိုးသမားကိုလှည့်ပြီး ဆွဲယူဂိုးသွင်းယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိမ်ရှင်ဂျာမနီအသင်းသည် ရှုံးထွက်ပြိုင်ပွဲအဆင့်တွင် ဆွီဒင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အာဂျင်တီးနားအသင်းသည် မက္ကဆီကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အင်္ဂလန်အသင်းသည် အီကွေဒေါ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်လာသည်။

အလားတူ ပေါ်တူဂီအသင်းက နယ်သာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အီတလီက ဩစတြေးလျကို တစ်ဂိုး-ဂိုးမရှိ၊ ယူကရိန်းက ဆွစ်ဇာလန်ကို သုံးဂိုး-ဂိုးမရှိ၊ ဘရာဇီးက ဂါနာကို သုံးဂိုး-ဂိုးမရှိ၊ ပြင်သစ်က စပိန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်ဆုံးရှစ်သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။ ။ **(အင်တာနက်)**

ဖခင်အမည်မှန်

မင်္ဂလာဒုံ အထက(၄)တက္ကသိုလ်ဝင်တန်း(D)တွင် ပညာသင်ကြားနေသော မောင်ထွန်းအေး၏ ဖခင်အမည်မှန်မှာ ဦးလှငွေ ဖြစ်ပါသည်။

ဦးလှငွေ။

အာရုံဦး

ဆေးဝါးနားလည်မှု အခြေခံသင်တန်း

ရုံး၊ ကျောင်းသား ကျောင်းသူများအတွက်(စနေ၊ တနင်္ဂနွေ)တန်းခွဲသစ်စပြီ အစအဆုံး၊ ဆရာဝန်များကိုယ်တိုင် သင်ကြားသည်။ အလွယ်တကူ နားလည်သဘောပေါက်စေရန် တာဝန်ယူသည်။

လေးလွှာ၊ ၁၈ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ဖုန်း- ၀၉-၉၉ ၂၂၃၇၂။







ဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Sales Manager (Yangon)** ကျား/မ (၁)ဦး
Hotel Sales & Marketing အတွေ့အကြုံ(၃)နှစ်နှင့် အထက်ရှိရမည်။

၂။ **Sales Executive (Yangon)** မ (၁)ဦး
Hotel Sales & Marketing အတွေ့အကြုံ(၂)နှစ် အနည်းဆုံးရှိရမည်။

၃။ **Reservationist (Yangon)** မ (၁)ဦး
Hotel Reservation အတွေ့အကြုံ(၂)နှစ် အနည်းဆုံးရှိရမည်။

၄။ **Front Office Manager (Bagan)** ကျား/မ (၁)ဦး
ဖော်ပြပါရာထူးတွင် လုပ်သက်(၁)နှစ်နှင့်အထက်ရှိပြီး Supervisorဖြစ်ပါက လုပ်သက်(၃)နှစ်အနည်းဆုံးရှိရမည်။

၅။ **House Keeping Manager (Bagan)** ကျား/မ (၁)ဦး
ဖော်ပြပါရာထူးတွင် လုပ်သက်(၂)နှစ် သို့မဟုတ် Supervisor လုပ်သက်အနည်းဆုံး(၅)နှစ်ရှိရမည်ဖြစ်ပြီး (Room, Linen, Laundry, P/A) အလုပ်များကိုပါ ကျွမ်းကျင်စွာလုပ်နိုင်သူဖြစ်ရပါမည်။

၆။ **Executive Chef:(Bagan)** ကျား (၁)ဦး
ဖော်ပြပါရာထူးတွင် လုပ်သက်အနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်။

၇။ **Souc Chef:(Bagan)** ကျား (၁)ဦး
Chef De-Parties ရာထူးတွင် လုပ်သက်(၃)နှစ်နှင့်အထက်ရှိရမည်ဖြစ်ပြီး လက်ရှိ Souc Chef: ဖြစ်ပါက ပို၍ဦးစားပေးမည်။

၈။ **Human Resource Manager (Bagan)** ကျား (၁)ဦး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့် လုံခြုံရေးအပိုင်းတွင် အတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။ ဝန်ထမ်းအုပ်ချုပ်မှုနှင့် ပြင်ပဌာနဆိုင်ရာများနှင့် ဆက်ဆံရာတွင် ကောင်းမွန်ရပါမည်။

၉။ **Chief Engineer (A.G.T.I or B.E-EP of MP) (Bagan)** ကျား (၁)ဦး
Hotel လုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၄)နှစ်နှင့်အထက်ရှိရမည်ဖြစ်ပြီး Aircon နှင့် Electricalပိုင်းကို ကျွမ်းကျင်ရပါမည်။ Hotel၏ Powerများကို စနစ်တကျသုံးစွဲရန်နှင့်ချွေတာရန် ပြုလုပ်နိုင်ရပါမည်။ အခြား Maintainance အပိုင်းတွင်လည်း လုပ်ဆောင်နိုင်ရမည်။

အမှတ်စဉ်(၁ မှ ၅ အထိ) အင်္ဂလိပ်စာ(ရေး၊ ဖတ်၊ ပြော)နှင့် ကွန်ပျူတာကျွမ်းကျင်ရပါမည်။ လုပ်ငန်းတာဝန်များကို Procedure ကျကျလုပ်ဆောင်နိုင်ရမည်။ အမှတ်စဉ်(၆၊၇)အတွက် နိုင်ငံတကာအဆင့်မီ Hotelများတွင် တာဝန်ထမ်းဆောင်ခဲ့ပါက ဦးစားပေးပါမည်။ Kitchen၏ Costing များကို Control လုပ်နိုင်ရမည်။ European, Asia, Chinese Menu များကို ကျွမ်းကျင်ပိုင်နိုင်ရမည်။ အမှတ်စဉ်(၆၊ ၇၊ ၈၊ ၉)အတွက် အင်္ဂလိပ်စာ(ရေး၊ ဖတ်၊ ပြော)နှင့် ကွန်ပျူတာကိုအသုံးပြုနိုင်ရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၂၃၇)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသောလျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

သဒ္ဓမ္မရံသီရိပ်သာများတွင် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲအသီးသီးတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာများအား ဝါဆိုသင်္ကန်းကပ်လှူပွဲများ ကျင်းပမည်ဖြစ်ရာ သဒ္ဓမ္မရံသီရိပ်သာကြီး၌ ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း၊ ကျောက်ရေတွင်း မဇ္ဈိမပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင် ၁၆ ရက်တွင် လည်းကောင်း၊ သရက်ကုန်း (အင်းတိုင်) ခိပ္ပါဘိညာ သဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင် ၂၂ရက်တွင်လည်းကောင်း၊ ရန်ကင်းမြို့နယ် သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင်၂၃ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး အဆိုပါနေ့များတွင် နံနက် ၈ နာရီမှစ၍ သင်္ကန်းအပ်ကာ အနုမောဒနာတရား ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်မြစ်ဆေးရှက် တောမှထွက်၏

မြသိန်းတန် ပရိယတ္တိစာသင်တိုက်ခွဲ၌ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြမြို့သစ် ဘုရားကြီးကျောင်း (မြသိန်းတန် ပရိယတ္တိစာသင်တိုက်ခွဲ) ၌ ဘဒ္ဒန္တဣန္ဒက(မွှောစရိယ ပါဠိပါရဂူ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဝါဆိုသံဃာ ၅၄ ပါးတို့အား ရေစကြိုမြို့နယ်အသင်းနှင့် ရန်ကုန်မြို့ရှိ ဒါယကာ ဒါယိကာမများက ဇူလိုင် ၁၆ ရက်တွင် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၂၅၀၀ နှုန်း၊ ဆွမ်း၊ ကွမ်း၊ အချိုပွဲတစ်ပွဲလျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ပြီး ဒေါက်တာကြည်ဝင်း ဖုန်း-၂၉၄၁၇၆၊ ဦးစောလှိုင်-ဒေါ်ခင်ညိုသင်း (လုကမ္မာမိသားစု) ဖုန်း-၂၉၁၄၇၄၊ ဒေါက်တာခင်ကိုလတ်-ဒေါ်ရင်မွန်လှိုင် (လုဘုရင်မိသားစု) ဖုန်း-၂၉၁၈၉၅၊ မြန်မာ တိုင်းရင်းသမားတော် ဦးမောင်ဥာဏ် ဖုန်း-၂၉၄၄၄၈နှင့် ၄၇ လမ်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

လှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ပဓာန နာယက ဆရာတော် ပြည်တွင်းပြည်ပ မဟာစည်နာယက ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိနှင့် သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (ဇူလိုင် ၁၀ ရက်) တနင်္လာနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ ၁၈၁ နှင့် ၀၉-၅၀၁၇၅၅၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဖခင်ကြီး ဦးအုန်းမောင်-မိခင်ကြီး ဒေါ်တင်ညိုနှင့် အစ်ကိုဖြစ်သူ ကိုစိုးလှိုင်၊ ကိုခင်မောင်ချိုတို့အား ရည်စူး၍ ခေတ္တ ကနေဒါနိုင်ငံနေ ကိုအောင်ဝင်း-မယဉ်ယဉ်အုန်း မိသားစုတို့က အလှူငွေကျပ် ၁၂ သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဇွန် ၂၄ ရက်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမြင့်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ အခြေခံတရား ဟောပြောပို့ချမည်

ရန်ကုန် ဇွန် ၂၈

သာကေတမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နာယက မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၈၉) သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိမလဗုဒ္ဓိဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ မူလမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ပဋိစ္စသမုပ္ပာဒ်တရား စက်ဝိုင်းရှင်းတမ်း အခြေခံသင်တန်းကို အချိန်ပိုင်းဖြင့် ဆရာ ဦးသောင်းထိုက်က မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မျိုးမြန်မာဆေးတိုက် အမှတ် ၅၂၇/က ရွှေခင်းသာမြို့ပတ် ၃ လမ်း အရှေ့ရပ်ကွက် သာကေတမြို့နယ်တွင် ဟောပြောပို့ချမည်ဟု သိရသည်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ် နန်ကသူဆည်အတွင်း ငါးမျိုးစိုက်ထည့်

ဟင်္သာတ ဇွန် ၁၉

ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ငါးလုပ်ငန်း သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးထွက်ရှိ ထုတ်လုပ်မှု တိုးတက်ရေးကို ရည်ရွယ်လျက် ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် နန်ကသူဆည်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဦးဝေ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန် သောင်းနှင့် ဝန်ထမ်းများ၊ အင်္ဂပူမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ နှင့် ဒေသခံပြည်သူများက နန်ကသူ ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၄၅၀၀၀၀ ကျော်ကို မျိုးစိုက်ထည့်ပေးကြသည်။**(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသလမ်းပန်း ဆက်သွယ်ရေးကောင်းမွန် စေရေးအတွက် သုံးဆယ်-ဖိုးခေါင်လမ်းပြုပြင်ရန် ဂဝံ စုဆောင်းမှုကို ဇွန် ၁၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေ အောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အသေးစားနို့နှင့် နို့ထွက်အစားအစာထုတ်လုပ်မှု နည်းပညာဖြန့်ဖြူးရေး သင်တန်းစီမံကိန်းချောင်းဦး၌ဖွင့်

ချောင်းဦး ဇွန် ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အသေးစားနို့နှင့် နို့ထွက်အစားအစာထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖြန့်ဖြူးရေး သင်တန်းစီမံကိန်းဖွင့်ပွဲကို ဇွန် ၁၉ရက်က ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အမျိုးသားလုပ်ငန်းစီမံကိန်းဆိုင်ရာ တာဝန်ခံ ဒေါက်တာအောင်ကြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်မောင်၊ မြို့နယ်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာလှစိန်နှင့် မြို့နယ်မွေးမြူရေးလုပ်ငန်းရှင် သင်တန်းသား ၃၅ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အမျိုးသားလုပ်ငန်းစီမံကိန်းဆိုင်ရာ တာဝန်ခံ ဒေါက်တာအောင်ကြီးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး **(အောက်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်မောင်က အမှာစကားပြောကြားသည်။

သင်တန်းတွင် ချောင်းဦးမြို့နယ်အတွင်းရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များအား သန့်ရှင်းစွာဖြင့် နို့ထုတ်လုပ်ခြင်းနှင့် နို့စုဆောင်းခြင်း၊ လက်တွေ့သရုပ်ပြ ဟောပြောခြင်း၊ နို့ရည်သန့်ထုတ်လုပ်မှု ပစ္စည်းများသရုပ်ပြသခြင်းနှင့် ကျေးရွာအဆင့် နို့ထုတ်လုပ်သူများအသင်းအဖွဲ့ ဖွဲ့စည်းပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဒေါ့ဖုန်းယန် ဇွန် ၁၀

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့တွင် ကြက်ဆူပင်များ လျာထားပြည့်မီရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ပိုင်ပျိုးဥယျာဉ်အတွင်းတာဝန်ခံအင်ဂျင်နီယာ ဦးရဲမြင့်ထွန်း ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန်၅ရက်က ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးခြင်းများ ဆောင်ရွက်ရာသို့ မြို့နယ်တာဝန်ခံဦးဘိုဘိုလှိုင်က ကြီးကြပ်ပေးကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၆)ရက်
၃၀-၆-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဗလာစာအုပ်အမျိုးမျိုး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (လမ်းလျှောက်မည်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (စကားပြောတဲ့ နားကပ်လေးတစ်ရံ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုး
(၂) မိုးနဲ့အပြိုင်
(၃) မိုးပုလဲသူဇာ
၁၆း၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ဖွံ့ဖြိုးလုပ အမျိုးသမီးဘဝ (ခေါင်းကြီး)
(၂) အလှတွင် အယဉ်ဆင့် (ဆောင်းပါး)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (နှစ်ကိုယ်နီးဖို့ရာ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (တေးနုဝေ-ကာလပေါ်အဖွဲ့)
၂၀း၃၀ လပတ်မိုးလေဝသခန့်မှန်းချက်
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပျို့သည်းလေးနုငယ်ငယ်
(၂) မိန်းမချောလေး အညာ
(၃) အလွမ်းမင်းသမီးလေး

ရှေးဦးပြုစုခြင်းဆင့်ပွားသင်တန်းဆင်းပွဲ စဉ့်ကူးမြို့၌ ကျင်းပ

စဉ့်ကူး ဇွန် ၂၂

စဉ့်ကူးမြို့နယ် ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ပြည်သူလူထုအခြေပြု ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၂/၂၀၀၆)ဆင်းပွဲကို ဇွန်၁၄ရက် ညနေ၄နာရီက စဉ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်စွာနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှလှကြည်တို့က သင်တန်းဆင်း အမှာစကားများ ပြောကြားကြပြီး လူထုကျန်းမာရေး ဖွံ့ဖြိုးမှု စီမံချက် ညှိနှိုင်းရေးမှူး ဦးအောင်ရှိန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးချင်းသို့ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသားကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ရာသက်ပန်အသင်းဝင်လျှောက်လွှာများကို မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌသို့ ပေးအပ်သည်။**(ယာပုံ)**

ယင်းနောက် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ သင်တန်းသား သင်တန်းသူများ၊ စီမံချက်ဝန်ထမ်းများနှင့် သင်တန်းနည်းပြဆရာ ဆရာမများက အလှူငွေကျပ်၅၇၃၀၀၀ ပေးအပ်လှူဒါန်းရာမြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာလှလှကြည်က လက်ခံယူကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထူးကြီး-ထိန်သေးကြီး-ညောင်ခြေထောက် လမ်းပေါ်ရှိ ဒေါ်မင်းခုံတံတား ပြန်လည်တည် ဆောက် မှု ဆောင်ရွက်လျက်ရှိရာ ယာယီတံတား ပြုလုပ်ထားမှုကို အမှုဆောင် အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇော်သက်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်အေး ဦးစီးသော တပ်ဖွဲ့ဝင်မိသားစုများ ဇွန် ၂၁ ရက်က ခရိုင်ချင်းဆက် လမ်းဘေးဝဲယာ ဧက ၁၀၀စိုက်ခင်း၌ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးစဉ်။ (ဝ၆၄)

တောင်ငူမီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး

တောင်ငူ ဇွန် ၁၇

မီးသတ်ဦးစီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနတွင် ကျင်းပရာ ပဲခူးတိုင်း မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ရဲသူရိန်လှမြင့်က ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ရှင်းလင်း

ထပ်ဆင့်ရှင်းလင်းပွဲတွင် တိုင်းမီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ရဲသူရိန်လှမြင့်က မီးသတ်ဦးစီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဌာန၏ မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တောင်ငူခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသန်းနှင့် မြို့နယ်စခန်း တာဝန်ခံများ၊ အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးများ တက်ရောက်ကြသည်။ **(၃၀၃)**

ကန့်ဘလူမြို့ တပင်ရွှေထီးလမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဒုတိယဦးစီးမှူး(စီမံ)ဒေါ်စိန်အေးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

စီမံကိန်းရည်မှန်းချက် ပဲခူးခရိုင်၌တာဝန်ပေးအပ်

ပဲခူး ဇွန် ၂၀

ပဲခူးခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပဲခူးခရိုင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲခူးခရိုင် ရှစ်မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး အသေးစိတ်မှာကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေအောင်က မြို့နယ်အလိုက် ကဏ္ဍအလိုက် စီမံကိန်းလျာထားချက်များ ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက မြို့နယ်အလိုက် စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌများသို့ လည်းကောင်း **(အပေါ်ယာပုံ)**၊ ကဏ္ဍအလိုက် စီမံကိန်းတာဝန်များကို သက်ဆိုင်ရာဌာနများသို့လည်းကောင်း တာဝန်ပေးအပ်လိုက်သည်။

ပဲခူးခရိုင်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ၁၂၁၆၂၄၄ ဧက စိုက်ပျိုးမည်ဖြစ်ရာ ဇွန် ၁၅ ရက်အထိ ၂၇၈၂၃၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျုံပျော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် ချို့တဲ့နွမ်းပါးကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန်၅ ရက်က ကျုံပျော်မြို့နယ်ရှိ မူလတန်းကျောင်းများတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးက ကျောင်းသားကျောင်းသူများသို့ ဗလာစာအုပ်၊ ခဲတံနှင့် ပညာသင်စရိတ်များ ထောက်ပံ့စဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖလမ်းမြို့ လက်ဖက်စိုက်ခင်း၌ ပေါင်းမြက်ရှင်းလင်း

ဖလမ်း ဇွန် ၂၀

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဌာနပေါင်းစုံလက်ဖက်စိုက်ခင်းတွင် ပေါင်းမြက်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၁၀ ရက်က စုပေါင်းဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လက်ဖက်ပင် စိုက်ပျိုးပြီးစီးမှုမှာ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ၃ဒသမ ၅၄ဧက၊ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ၀ ဒသမ ၈၂ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြေးပိဋကတ်တော် ပြုလုပ်ရန်အတွက်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၈

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာများ ကြေးပြားတွင်ရေးထွင်း၍ ကြေးပိဋကတ် တစ်ဆူပြုလုပ် လှူဒါန်းကြရာ ဆရာတော် ဘဒ္ဒန္တဉာဏထံ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသင်္ဂီလမ်း အမှတ်-၅၁၄ နေ ဦးစံမြင့်-ဒေါ်တင်အေး၊ သား မောင်ကျော်ဆန်းထွန်း၊ မောင်နေလင်းထွန်းနှင့် သားသမီးမြေးတစ်စု၊ မိခင် ဒေါ်ကြင်မိအားရည်စူး၍ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုရိပ်မွန် စိန်ပန်းလမ်း အမှတ် (၃)နေ သမီးဒေါ်စိန်မြင့်၊ ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် အခန်း(၂) တိုက်(အေ)နေ ဒေါက်တာစံလှကျော်(ခရိုင်သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး၊ ကျောက်ဖြူဆေးရုံ)၊ ဒေါ်ခင်စု(လ/ထကထိက၊ ရန်ကင်း ပညာရေးကောလိပ်)၊ သားကျော်လင်းစံ၊ ကျော်ခိုင်စံ (နောက်ဆုံးနှစ် ဆေးတက္ကသိုလ်-၂)၊ ကျော်ယုစံ (တတိယနှစ် ဆေးတက္ကသိုလ်-၂)၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာအုန်းမြင့်အားရည်စူး၍ ဗဟန်းမြို့နယ် ရွှေဂုံပလာဇာ တိုက်(၃၀၁/အေ)နေ ဒေါ်အေးမြင့်မိသားစု၊ အလုံမြို့နယ် ဗဟိုလမ်း အမှတ် (၂၄)နေ ဒေါ်လှကြည်မိသားစုတို့က ကြေးပြားတစ်ချပ်စီ၊ ဖခင်ကြီး ဦးချိုလိုင်ဝမ်း အားရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်)ရပ်ကွက် သရက်တော(၃) လမ်း အမှတ်(၆၇)နေ ဇနီးဒေါ်ခွမ်တီနှင့် သားသမီးမြေးတစ်စုတို့က ကြေးပြား နှစ်ချပ်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြိတ်မြို့နယ် ထွေ/အုပ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်

မြိတ် ဇွန် ၂၀

မြိတ်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက်က မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်များတွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းသားသမီး ကျောင်းသူ ကျောင်းသား ၁၆ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၄၈၀၀၀ ကို ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ မိုင်းယောင်းမြို့၌ ပညာပေးဆွေးနွေးဟောပြော

မိုင်းဖြတ် ဇွန် ၅

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၃၀ မွန်းလွဲပိုင်းက မိုင်းယောင်းမြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်က ဆေးလိပ်သောက်သုံးခြင်း၏ ဆိုးကျိုးများအကြောင်း ဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချောစုမျိုးညွန့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်တို့ တက်ရောက်အားပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မကွေးမြို့နယ် ကန်ပြားကျေးရွာ ရေဆင်း(၈) နှမ်းဖြူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

နေပြည်တော် ဇွန် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၁၈ ရက် ညနေ ၄ နာရီခွဲတွင် မကွေးတိုင်း စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ အုပ်စု၌ စိုက်ပျိုးဖြစ်ထွန်းနေသော ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမည့် ဆင်းသွယ်လတ် နှမ်းစပါး‌ကေ ၇၀၀ ကို ကြည့်ရှုပြီး တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေ ၆ နာရီခွဲတွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ကြီးအုံ-ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ပင်မတမံတည်ဆောက်မှုလုပ်ငန်း၊ စက်ယန္တရားများဖြင့် မြေဖို့မြေသိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးသော အချောသပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၃** ■

ကျောက်စိမ်းအတွဲပေါင်း ၂၀၆၂ တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချရ ရတနာကုန်သည် ၂၃၇၉ ဦးက အပြိုင်အဆိုင်ဝယ်ယူလျက်ရှိ

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၈

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ယမန်နေ့ ညနေ ၅ နာရီခွဲအထိ ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၄၃ တွဲကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း ၅၃၃ တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချခဲ့ပြီး လေးရက်အတွင်း တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည့် ကျောက်စိမ်းအတွဲပေါင်း ၂၀၆၂ တွဲဖြစ်သည်။

အထူးရောင်းချပွဲအစီအစဉ်အရ ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၅ တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညနေပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိရာ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမကြီးတစ်ခုလုံး ပြည်တွင်းပြည်ပရတနာကုန်သည်များဖြင့် ပြည့်လျှံနေပြီး အပြိုင်အဆိုင် ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိကြသည်။

အပြိုင်အဆိုင်ဝယ်ယူ

ယခုကျင်းပလျက်ရှိသည့် အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၀ နိုင်ငံမှ ရတနာကုန်သည် ၁၄၆၅ ဦးနှင့် ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည် ၉၁၄ ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၇၉ ဦး တက်ရောက်၍ တစ်ဦးနှင့်တစ်ဦးအပြိုင်အဆိုင် ဈေးပိုပေး၍ ဝယ်ယူလျက်ရှိကြသည်ကို တွေ့ရှိရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဇွန် ၂၉ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ရောက် အသင်းများ၏ နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၂၈

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃၀ ရက်တွင် စတင်ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ ကွာတားဖိုင်နယ် ရောက် ဘောလုံးအသင်းများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ကလိုဆေးဂိုးသွင်းနိုင်မည်ဟု ယုံကြည်နေ

ဂျာမနီတိုက်စစ်မှူး ကလိုဆေးသည် အာဂျင်တီးနားနှင့်ကစားမည့် ကွာတားဖိုင်နယ်ပွဲ၌ ဂိုးထပ်မံသွင်းနိုင်မည်ဟု ယုံကြည်လျက်ရှိကြောင်း ကလိုဆေးက ပြောကြားလိုက်သည်။



ဂျာမနီတိုက်စစ်မှူး ကလိုဆေး

ကမ္ဘာ့ဖလား ရှုံးထွက်ပွဲစဉ်များ ကစားပြီးနောက် ကလိုဆေးသည် စုစုပေါင်းလေးဂိုးသွင်းထားနိုင်ကာ ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်နေသည်။ ကလိုဆေးသည် စုစုပေါင်း ကိုးဂိုးသွင်းနိုင်ခဲ့လျှင် ကမ္ဘာ့ဖလားသမိုင်း၌ ၁၂ ဦးမြောက် ဂိုးအများဆုံးသွင်းနိုင်သူဖြစ်လာမည်ဖြစ်သည်။

အာဂျင်တီးနား ခံစစ်မှူး ဟိန့်ဇ်

ဟိန့်ဇ်နှင့်ဆိုရင်တို့ အဝါကတ်မထိရန် အရေးကြီးနေ

ဂျာမနီနှင့် ကစားရမည့်ကွာတားဖိုင်နယ်ပွဲစဉ်တွင် အာဂျင်တီးနား နောက်တန်းခံစစ်မှူး ဟိန့်ဇ်နှင့်ဆိုရင်တို့ အဝါကတ်အပြမခံရအောင် ကစားကြရန် အာဂျင်တီးနားနည်းပြက သတိပေးထားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

မြန်မာ့သမဝါယမသည် နှစ်ပေါင်းတစ်ရာကျော်တိုင် ရှင်သန်လျက်ရှိ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်

သတင်းဆောင်းပါး
အထက်မင်းလှည့်ပွနှံ့အောင်

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၈

သမဝါယမသည် လူမှုရေးကို အခြေခံသော စီးပွားရေးစနစ်တစ်ရပ်ဖြစ်သည်။ စက်မှုထွန်းကားသော၊ ချမ်းသာကြွယ်ဝသော ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်ပင် သမဝါယမလုပ်ငန်းများ ရှိနေသည်။ သမဝါယမသည် ဆင်းရဲချမ်းသာကွာဟမှုအတွက် ထိန်းညှိနိုင်သော သဘောသဘာဝရှိသည်။

သမဝါယမစနစ်သည် ဆင်းရဲနွမ်းပါးခြင်းမှ ရုန်းထွက်ရန်အတွက် ကြိုးပမ်းအားထုတ်ခြင်းမှ စတင်ပေါ်ပေါက်ခဲ့သည်။ ၁၈၄၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ပေါ်ပေါက်ခဲ့သော ရော့ခ်ဒေး သမဝါယမအသင်းက စတင်ကာ ကမ္ဘာပေါ်တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

၂၀၀၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ

ဇွန် ၃၀ ရက်	ဂျာမနီ	-	အာဂျင်တီးနား	ည	၉း၃၀ နာရီ
ဇူလိုင် ၁ ရက်	အီတလီ	-	ယူကရိန်း	နံနက်	၁း၃၀ နာရီ
ဇူလိုင် ၁ ရက်	အင်္ဂလန်	-	ပေါ်တူဂီ	ည	၉း၃၀ နာရီ
ဇူလိုင် ၂ ရက်	ဘရာဇီး	-	ပြင်သစ်	နံနက်	၁း၃၀ နာရီ

29-6 (20).p65 1 1/1/32, 9:15 PM